မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၉၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel Vladimir I. Konchakov နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Alexander V. Svintsovsky တို့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ *စာမျက်နှာ ၃ ကော်လံ ၅* ■

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တာဝန်ထမ်းဆောင်ခြင်း ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel Vladimir I. Konchakov (ဝဲပုံ)**နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Alexander V. Svintsovsky** (ယာပုံ) **တို့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ စစ်သံမှူး Colonel Zafar Jamil နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Muzammil Hussain Shah တို့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ အာဘော်
(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၄ ရက်)

ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထွက်ရှိရေး စမ်းသပ် တိုးချဲ့ရှာဖွေထုတ်လုပ်

မြန်မာနိုင်ငံတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ အရင်းအမြစ်များစွာရှိသည်။ နိုင်ငံတော်က ပြည်တွင်း၌ စွမ်းအင်ပြည့်ဝဖူလုံစေရေးနှင့် နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းစေရေးတို့အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့များကို တိုးချဲ့ရှာဖွေ ထုတ်လုပ်လျက်ရှိသည်။

ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေများတွင် တွင်းဟောင်းများပြုပြင်ခြင်း၊ တွင်းသစ်များ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းများကို လုပ်ကိုင်လျက်ရှိသည်။ ဧရာဝတီတိုင်းတွင် မအူပင်၊ ပန်းတနော်၊ ညောင်တုန်း(အလယ်)ဒေသများ၌ တွင်းသစ်များ ရှာဖွေတူးဖော်လျက်ရှိရာ အလားအလာကောင်းမွန်လျက်ရှိသည်။

မြန်မာ့ပင်လယ်ပြင်၌ မုတ္တမကမ်းလွန်လုပ်ကွက်၊ တနင်္သာရီကမ်းလွန် ရဲတံခွန်လုပ်ကွက်၊ ရခိုင်ကမ်းလွန် ရွှေလုပ်ကွက်တို့တွင်လည်း ပြည်ပရေနံရှာဖွေရေးကုမ္ပဏီများနှင့် စီးပွားဖြစ်အကျိုးတူ ပူးပေါင်းလုပ်ကိုင်လျက် ရှိသည်။

မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M-9 အတွင်း၌ ဇော်တိက-၁(က)၊ ဃောသက-၁၊ ကာကောဏ္ဏ-၁ ရှာဖွေရေးတွင်းများနှင့် ကာကောဏ္ဏ-၂၊ ဇော်တိက-၂၊ ဇော်တိက-၃၊ ဇော်တိက-၄၊ ဇော်တိက-၅ အကဲဖြတ်တွင်းတို့ကို တူးဖော်စမ်းသပ်ခဲ့ရာ စီးပွားဖြစ်သဘာဝဓာတ်ငွေ့သိုက်များကို တွေ့ရှိထားပြီ ဖြစ်သည်။

အစမ်းတွင်းအမှတ် ဇော်တိက-၁ကို စမ်းသပ်တူးဖော်ခဲ့ရာ သဘာဝဓာတ်ငွေ့ ခိုအောင်းနေမှု ၂၁သမ ၅ ထရီလီယံရှိပြီး ရှာဖွေရေးတွင်း ကာကောဏ္ဏ-၁ ကို ယခုနှစ် ဖေဖော်ဝါရီလတွင် စမ်းသပ်တူးဖော်ခဲ့ရာ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေ ၂၁ သန်း ထုတ်လုပ်နိုင်ကြောင်း တွေ့ရသည်။

ယခုတစ်ဖန် မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M-9 အတွင်း ဇော်တိက-၅ အကဲဖြတ်တွင်းမှ တစ်ရက်လျှင် သဘာဝ ဓာတ်ငွေ့ကုဗပေ ၃၈ သန်းကျော် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ကုန်းတွင်းပိုင်း ရေနံမြေများတွင်သာမက ကမ်းလွန်ဒေသလုပ်ကွက်များတွင်ပါ ဆက်လက်စမ်းသပ်ရှာဖွေ တိုးချဲ့တူးဖော်ကြခြင်းဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့များ စီးပွားဖြစ် ပိုမိုတိုးတက် ထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း ရေးသား လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်ဖက်ဘိုးဘွားများနှင့် မိဘနှစ်ပါး ဖြစ်သောဦးထင်မီ-ဒေါ်အင်ကျီတို့အား ရည်စူး၍ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် လှည်းတန်း အမှတ် ၈၆-၈၈နေ သားသမီးများ ဖြစ်ကြသော ဒေါ်ခင်လှမြင့်နှင့် မောင်နမ များက ဒဂုံ မြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်ငါးသိန်းကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တရုတ် အာကာသယာဉ်မှူးများ အာကာသခရီးစဉ် လိုက်ပါရန် လေ့ကျင့်

ပေကျင်း ဇူလိုင် ၂၃

တရုတ်နိုင်ငံ၏ တတိယမြောက် အာကာသခရီးစဉ်အဖြစ် သွားရောက်ခြင်းမပြုမီ တရုတ်အာကာသ ယာဉ်မှူးများ အနေဖြင့် အာကာသအတွင်း လမ်းလျှောက်ခြင်း လေ့ကျင့်မှုကို စတင်ပြုလုပ်နေပြီဖြစ်ကြောင်း တရုတ်နိုင်ငံ အာကာသယာဉ်မှူးများ သုတေသနနှင့် လေ့ကျင့်ရေးဌာနက ဇူလိုင် ၁၉ ရက်၌ ပြောကြားသည်။

အာကာသယာဉ်မှူးများသည် အာကာသလေ့ကျင့်ရေးယာဉ်အတွင်း ခန္ဓာကိုယ်ကြံ့ခိုင်မှု၊ နည်းပညာဆိုင်ရာများနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာများကို အမြဲတမ်း တိုးတက်ရန် လေ့ကျင့်နေကြောင်း တရုတ်နိုင်ငံ၏ ပထမဆုံး အာကာသယာဉ်မှူးနှင့် တရုတ်နိုင်ငံ အာကာသယာဉ်မှူးများ သုတေသနနှင့် လေ့ကျင့်ရေးဌာန ဒုတိယ ညွှန်ကြားရေးမှူးလည်းဖြစ်သူ ယန်လီဝေက ပြောကြားသည်။

လိုက်ပါသွား

တရုတ်နိုင်ငံသည် ၁၉၉၉ခုနှစ်က အာကာသခရီးစဉ်ကို စတင်ခဲ့သည်။ ၂၀၀၃ ခုနှစ်၌ ပထမဆုံးအကြိမ် လူလိုက်ပါမှု စတင်ခဲ့ပြီး ၎င်းအာကာသယာဉ်မှူးမှာ ယန်လီဝေဖြစ်သည်။ ထို့နောက် နှစ်နှစ်အကြာ တရုတ် အာကာသ ယာဉ်မှူး ဖီကျန်လွန်းနှင့် နိုင်ဟေရှန် တို့က ရှန်ကျိူ့-၆ အာကာသ ယာဉ်ဖြင့် ငါးရက်ကြာ အာကာသ ခရီးစဉ်ကို အောင်မြင်စွာသွားရောက်နိုင်ခဲ့ကြသည်။ ယခုတတိယအကြိမ်မြောက် အာကာသ ခရီးစဉ်အဖြစ် ရှန်ကျိူ့-၇ အာကာသ ယာဉ်ဖြင့် တရုတ်အာကာသ ယာဉ်မှူး သုံးဦးတို့ လိုက်ပါသော အာကာသ ခရီးစဉ်ကို ၂၀၀၈ ခုနှစ်တွင် စေလွှတ်မည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဘူရာဂျေ အဆောက်အအုံ ကမ္ဘာ့အမြင့်ဆုံး ဖြစ်လာ

အာဘူဒါဘီ ဇူလိုင် ၂၃

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နိုင်ငံမှ အာဘူရာဂျေ ဒူဘိုင်း အဆောက်အအုံသည် အမြင့် ၅၁၂ ဒသမ ၁ မီတာရှိရာ ကမ္ဘာပေါ်တွင် အမြင့်ဆုံးအဆောက်အအုံ ဖြစ်လာကြောင်း အီမီရိတ်သတင်းဌာနက ဇူလိုင် ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ အဆောက်အအုံကို လွန်ခဲ့သည့် ၂၀၀၄ခုနှစ် ဇန်နဝါရီလက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ရာ ရက်ပေါင်း၁၂၇၆ ရက်အတွင်း တည်ဆောက်ခဲ့သော ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံဖြစ်သည်။

အသုံးပြုထား

ထိုအဆောက်အအုံ၌ အထပ်ပေါင်း ၁၄၁ထပ်ရှိရာ ကမ္ဘာပေါ်တွင် အထပ်အများဆုံး အဆောက်အအုံလည်း ဖြစ်သည်။ ၎င်းအဆောက်အအုံတွင် သံမဏိချောင်းတန်ချိန် ၃၉၀၀၀နှင့် မှန်များဖြင့် အသုံးပြုထားပြီး အကျယ်အဝန်းမှာ စတုရန်းမီတာ ၁၄၂၀၀၀ ရှိသည်။

အဆိုပါ အဆောက်အအုံကို အာဘူရာဂျေဒူဘိုင်းမြို့လယ်ရှိ မြေဧက ၅၀၀အကျယ်ပေါ်တွင် တည်ဆောက်ထားရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြဝတီရုပ်မြင်သံကြား

၂၄-၇-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ပညာခေတ်
၅း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၃၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၄)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	မွေးမြူသုတ
	၁၈။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း-၁၇)

မော်လမြိုင် သဲအင်းဂူ ဝါတွင်းအထူးတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၃

မော်လမြိုင်မြို့ သဲအင်းဂူကျောင်းတိုက် အမှတ်(၁)တွင် တရားစခန်းပွဲများ နေ့စဉ်ကျင်းပလျက်ရှိရာ ဝါတွင်းသုံးလကို အထူးအခမ်းအနား သတ်မှတ်၍ လစဉ် ငါးရက်တိုင်တိုင် ကျင်းပမည် ဖြစ်သည်။

လှူဒါန်း

ဇူလိုင် ၂၉ ရက်(ဒုတိယ ဝါဆိုလပြည့်နေ့)မှ ဩဂုတ် ၂ ရက်အထိ ကျင်းပမည့် အထူးတရားစခန်းပွဲတွင် မော်ဘီ သဲအင်းဂူ(ဗဟို)က ဘဒ္ဒန္တ သောဘိတ (စလင်း)၊ ဘဒ္ဒန္တ ပညာနှင့် ဘဒ္ဒန္တ ရေဝတတို့က တရားပြဟောကြားမည်ဖြစ်ရာ မည်သူမဆို လာရောက် တရားအားထုတ်နိုင်ပါကြောင်းနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းများကို ဦးမောင်ခင်-ဒေါ်ယုံမိသားစုက လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပါလက်စတိုင်း ဒုက္ခသည်စခန်း၌ အပြန်အလှန်ပစ်ခတ် လက်ဘနွန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

နာအယ်ဘာရက် ဇူလိုင် ၂၃

လက်ဘနွန်နိုင်ငံ ပါလက်စတိုင်း ဒုက္ခသည်များစခန်း၌ လက်ဘနွန်တပ်ဖွဲ့ဝင်များနှင့် ဖာတာစစ်သွေးကြွ လက်နက်ကိုင်များ ဇူလိုင် ၁၉ရက်က ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက် ဖြစ်ပွားလျက်ရှိကြောင်း လက်ဘနွန်မီဒီယာများက ပြောကြားသည်။

ထိုသို့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် လက်ဘနွန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်း၊ ယခုကဲ့သို့ လက်ဘနွန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးမှုမှာ ပြီးခဲ့သည့် မေ ၂၀ ရက်မှစတင်ကာ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများကြောင့် လက်ဘနွန်တပ်ဖွဲ့ဝင် ၁၁၁ဦး သေဆုံးခဲ့ရပြီး ဖြစ်သည်။

ယခုအခါ လက်ဘနွန်တပ်ဖွဲ့ဝင်များ ပါလက်စတိုင်းဒုက္ခသည်စခန်း အတွင်းသို့ တဖြည်းဖြည်း ဝင်ရောက် ရှင်းလင်းလျက်ရှိသည်။ လက်ဘနွန်တပ်ဖွဲ့ဝင်များနှင့် ဖာတာလက်နက်ကိုင်များ အပြန်အလှန် တိုက်ခိုက်မှုကြောင့် ပြည်သူ ၂၃၃ ဦး သေဆုံးခဲ့ရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel Vladimir I.Konchakov နှင့် စစ်သံမှူး အသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Alexander V .Svintsovsky တို့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဇူလိုင် ၂၃ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Muzammil Hussain Shah အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းရှေ့ဖုံး) (သတင်းစဉ်)

ဇူလိုင် ၂၃ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ စစ်သံမှူး Colonel Zafar Jamil အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းရှေ့ဖုံး) (သတင်းစဉ်)

လပ်ပုံများအဆင့်အတန်းခွဲခြားသတ်မှတ်ထားရှိမှု ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အလုံမြို့နယ် ကန်(၃) သစ်ဆိပ်နှင့် ပုဇွန်တောင်မြို့နယ် စက်ဆန်းသစ်ဆိပ်တို့သို့ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့် လပ်ပုံများ အဆင့်အတန်းအစား ခွဲခြားသတ်မှတ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ**(အောက်ပုံ)** တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြ၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုးထပ်ကြီးဘုရားဆွမ်းတော်ကြီးတင်ပွဲ

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီးဘုရားဂေါပကအဖွဲ့က ကြီးမှူး၍ ဆွမ်းတော်ကြီးတင်ပွဲကို ၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့် (ဇူလိုင် ၂၉ရက်) တွင် ကျင်းပမည်ဖြစ်ရာ ဒုတိယဝါဆိုလဆန်း ၁၃ရက်မှ စ၍ ဆွမ်း၊ သစ်သီးအစရှိသော ဆွမ်းတော်ပွဲများကို လာရောက်တင်လှူနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

စက်တင်ဘာ ၈ရက်တွင်ကျရောက်မည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၀၇ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

နောက်ဆုံးထားပေးပို့

ဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများသည် **'စာတတ်မြောက်ရေးမှသည် စဉ်ဆက်ပညာရေးဆီသို့'** ခေါင်းစဉ်ဖြင့် စာလုံးရေ ၃၀၀၀ထက်မနည်း ၄၀၀၀ထက်မများ ရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်စာမူကို ကွန်ပျူတာ၊ လက်နှိပ်စက်၊ လက်ရေးကြိုက်နှစ်သက်ရာဖြင့် A-4 အရွယ်အစား စာမျက်နှာတစ်ဖက်တည်းတွင် ရှင်းလင်းပြတ်သားစွာရေးသားဖော်ပြ၍ စာမူနှစ်စောင်(မူရင်းနှင့်မိတ္တူ)၊ ကိုယ်တိုင်ရေးသားကြောင်းဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် ရောင်စုံလိုင်စင်ဓာတ်ပုံတစ်လက်မခွဲနှစ်လက်မ သုံးပုံတို့ကို စာအိတ်တွင် လုံခြုံစွာထည့်ပြီး ဦးခင်မောင်လှူ ညွှန်ကြားရေးမှူး မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ၄၂၆ ပြည်လမ်း တက္ကသိုလ်စာတိုက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ဩဂုတ် ၁၄ ရက် နောက်ဆုံးထား ပေးပို့ရမည်ဖြစ်သည်။

အသေးစိတ်သိလိုပါက ဦးခင်မောင်လှူ ဖုန်း-၅၀၃၉၈၇၊ ၅၀၂၀၇၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၄-၇-၂၀၀၇ရက်(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓ‌ေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၆။ အကပြိုင်ပွဲ
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ အတီးပြိုင်ပွဲ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(ဥပဒေပညာ အထူးပြု) [ဥပဒေပညာ]
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၀၀ ၅။ ဆိုကြမယ် ပျော်ကြမယ်
- ၁၇:၄၅ ၆။ အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (အာဆီယံဒေသအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်မှု)
- ၁၈:၀၀ ၇။ ညနေခင်းသတင်း
- ၁၈:၃၀ ၈။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၈:၅၀ ၁၀။ ဘိုင်းဒါးရေလွှဲဆည်
- ၁၈:၅၅ ၁၁။ စိုက်ပျိုးလို့သီးပွင့်ကာ အောင်မြင် ခြံစည်းရိုးကြက်ဆူပင်(အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊မုံရွာ)
- ၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **သန်းတစ်ရာရွှေအိပ်မက်** (အပိုင်း-၁၉)
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး ဒုတိယချစ်ပုံပြင်** (အပိုင်း-၃၀)

ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် တင်သွင်းသောအဆိုပြုချက်ကို ဥပဒေမူကြမ်းအဖြစ်ဖြင့် တင်သွင်းရမည်
ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင်တင်သွင်းရမည်

အမျိုးသားညီလာခံ

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဇူလိုင် ၂၃ ရက်ကကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများနှင့်စပ်လျဉ်း၍ အလှည့်ကျသဘာပတိအဖွဲ့ဝင်များ၏ ဖတ်ကြားတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့နဲ့ ၁၃ ရက်နေ့များတွင် ကျင်းပပြီးစီးခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးများမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် "ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း"၊ "နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း"၊ "ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်း" နဲ့ "အထွေထွေပြဋ္ဌာန်းချက်များအခန်း" တို့အတွက် ချမှတ်သင့်တဲ့အသေးစိတ်အခြေခံရမယ့်မူများနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်များကို ဖတ်ကြားတင်ပြခဲ့ပါတယ်။ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ရှင်းလင်းတင်ပြချက်များနဲ့ စပ်လျဉ်းပြီး အစုအဖွဲ့များမှ ညီလာခံကိုယ်စားလှယ်များက မိမိတို့အစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းကာ အကြံပြုချက်စာတမ်းများကို ပြုစုပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ ဖတ်ကြားတင်ပြခဲ့ကြပြီး ဖြစ်ပါတယ်။

၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပပြီးစီးခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးများမှာ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် တင်ပြခဲ့ကြတဲ့ အကြံပြုချက်စာတမ်းများဟာဆိုရင်–

(က)	နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့က	(၈)စောင်
(ခ)	ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့က	(၄)စောင်
(ဂ)	တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့က	(၁)စောင်
(ဃ)	တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က	(၁)စောင်
(င)	အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က	(၁)စောင်
(စ)	အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က	(၁)စောင်
(ဆ)	နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က	(၁)စောင်
(ဇ)	အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က	(၁)စောင်

စုစုပေါင်း(၁၈)စောင်ဖြစ်ပါတယ်။

အဲဒီ အကြံပြုချက်စာတမ်းတွေကိုလဲ အမျိုးသားညီလာခံစုံညီ အစည်းအဝေးကြီးမှာ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်တို့က ဖတ်ကြားတင်ပြခဲ့ကြတဲ့အတွက် ညီလာခံကိုယ်စားလှယ်များအားလုံး ကြားသိကြပြီးဖြစ်ပါတယ်။ အဲဒီအကြံပြုချက်စာတမ်းများပါ အကြံပြုတင်ပြချက်များအပေါ် သဘာပတိအဖွဲ့ရဲ့ ကောက်နုတ်စုစည်းချက်များကို တင်ပြသွားမှာဖြစ်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက "ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း"နဲ့စပ်လျဉ်းပြီး–

"နိုင်ငံတစ်နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းပြီးတဲ့နောက် အခြေအနေနဲ့ အချိန်ကာလအလျောက် ပြင်ဆင်ဖို့လိုအပ်လာရင် ပြင်ဆင်ပေးရမှာဖြစ်ပါတယ်။ ဒီလိုပြင်ဆင်ခြင်းနဲ့စပ်လျဉ်းပြီး ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို လေ့လာကြည့်ရာမှာ နည်းလမ်းနှစ်သွယ်နဲ့ ပြင်ဆင်လေ့ရှိကြတာတွေ့ရှိရပါတယ်။ ပထမနည်းလမ်းက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကို လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ သုံးပုံ နှစ်ပုံကဖြစ်စေ ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ပြင်ဆင်တဲ့နည်းလမ်းဖြစ်ပါတယ်။ ဒုတိယနည်းလမ်းကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကို လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကဖြစ်စေ၊ သုံးပုံနှစ်ပုံကဖြစ်စေ သဘောတူလက်ခံပြီး ပြင်ဆင်ခြင်းဖြစ်ပါတယ်။ အဲဒီလို ပြင်ဆင်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သီးခြားအခန်းဖြင့် ပြဋ္ဌာန်းထားလေ့ရှိတာလဲ လေ့လာတွေ့ရှိရပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းနဲ့ စပ်လျဉ်းပြီး သီးခြားအခန်းဖြင့် ပြဋ္ဌာန်းထားတာတွေ့ရှိရပါတယ်" လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"ကျွန်တော်ရှင်းလင်းတင်ပြခဲ့တဲ့ လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များအပေါ် အခြေပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ 'ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း' နဲ့ စပ်လျဉ်းလို့ ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါတယ်–

၁။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်လိုပါက အောက်ဖော်ပြပါ သတ်မှတ်ထားသော နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်–

အလှည့်ကျသဘာပတိ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးတင်ခ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

(က) ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် တင်သွင်းသော အဆိုပြုချက်ကို ဥပဒေမူကြမ်းအဖြစ်ဖြင့် တင်သွင်းရမည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် အဆိုတင်သွင်းသော ဥပဒေမူကြမ်းတွင် အခြားအဆိုများ မပါရှိစေရ။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းရမည်။

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ နှစ်ဆယ်ရာခိုင်နှုန်းက တင်ပြလာလျှင် အဆိုပါ ပြင်ဆင်ချက်ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရမည်။

၄။ (က) ချမှတ်ခဲ့ပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများရှိ နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါး ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူ လက်ခံပြီးနောက် ပြည်လုံးကျွတ် အန္တခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။

(ခ) အပိုဒ်(က)တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါး ရာခိုင်နှုန်းကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။

(ဂ) အပိုဒ်(က)ပါ အခန်းများနှင့် သက်ဆိုင် အကျုံးဝင်မည့် ပုဒ်မများကို ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲသည့် အခါ ထည့်သွင်းပြဋ္ဌာန်းရမည်"

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီ ရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ (၈)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများကို ကမ္ဘာ့နိုင်ငံအချို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ မြန်မာနိုင်ငံ၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို သေချာစွာ လေ့လာစိစစ်ပြီး အမျိုးသားညီလာခံကြီးက အတည်ပြုချမှတ်ထားသည့် ဦးတည်ချက်များနှင့် အခြေခံမူများဘောင်အတွင်း ပြည့်စုံစွာတင်ပြထားကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ရာ ဖော်ပြပါအခန်းများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြခဲ့သည့်အချက်များဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်ရန် လျော်ကန်သင့်မြတ်ကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ၁၉၄၇ ခုနှစ်နှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ အထောက်အထား ပြည့်ပြည့်စုံစုံနှင့် ရှင်းလင်းသွားတဲ့အတွက် ဥပဒေပြင်ဆင်ခြင်းအခန်း စုစည်းချက်အမှတ် ၁ မှ ၄ အထိကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီက–

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနဲ့စပ်လျဉ်း၍ စုစည်းချက်အပိုဒ် ၄(က)၊ (ခ)၊ (ဂ)မှအပ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်ပါ ကျန်အချက်များအားလုံးဟာ သင့်လျော်ညီညွတ်မှုရှိကြောင်း တွေ့ရှိရပါသဖြင့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနဲ့စပ်လျဉ်း၍ စုစည်းချက်အပိုဒ်၄(က)၊ (ခ)၊ (ဂ)နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီ၏ သဘောထားကို ဆွေးနွေးတင်ပြလိုပါတယ်။

လွတ်လပ်သောနိုင်ငံ တည်ဆောက်ပြီးတဲ့နောက်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းထားပြီးနောက် နိုင်ငံ၏ အခြေအနေအရသော်လည်းကောင်း၊ အခြေအနေတစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း၊ ပြင်ဆင်ရမည့် အခြေအနေမျိုး ပေါ်ပေါက်လာခဲ့ရင်လည်းကောင်း ချမှတ်ပြီး အခြေခံဥပဒေမူအချို့ကို ပြင်ဆင်လေ့ရှိကြပါတယ်။ ဒီလိုပြင်ဆင်ရာမှာ နိုင်ငံတော်၏ အသက်သွေးကြောတစ်ချောင်း ပြင်ဆင်ရခြင်းဖြစ်ပါတယ်။ တိုင်းသူပြည်သားများအားလုံး၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော် သဘောတူညီချက်ရရှိမှ ပြင်ဆင်ရမည့်အစား သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ငါးဆယ်ရာခိုင်နှုန်း (၅၀%) ကျော် သဘောတူဆန္ဒပြုပါက သတ်မှတ်ပြင်ဆင်ရမည်ဟု ပြဋ္ဌာန်းတယ်လို့ အခြေခံမူတစ်ရပ်အဖြစ် ချမှတ်ထားပါက သင့်လျော်သည်ဟု အခြေခံမူ ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြုပါတယ်။

ဒါကြောင့် စုစည်းချက်အပိုဒ် ၄(က)မှာ ချမှတ်ခဲ့ပြီးဖြစ်သည့် အခြေခံရမယ့်မူများနှင့် အသေးစိတ်အခြေခံရမယ့်မူများရှိ နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအခန်းတို့ရှိ ပြဋ္ဌာန်းချက်များကိုပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ငါးဆယ်ရာခိုင်နှုန်း(၅၀%)ကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။

၄(ခ)'အပိုဒ်(က)တွင် ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ငါးဆယ်ရာခိုင်နှုန်း ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်'ဟု လည်းကောင်း၊ ၄(ဂ) 'အပိုဒ်(က)ပါ အခန်းနှင့်သက်ဆိုင်အကျုံးဝင်မည့် ပုဒ်မများကို ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲသည့်အခါ ထည့်သွင်း ပြဋ္ဌာန်းရမည်'ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြောင်းလဲချမှတ်သင့်ပါကြောင်း" ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီက ဆွေးနွေးတင်သွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

"ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမယ့် မူများနဲ့ စပ်လျဉ်းလို့ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းစုစည်းတင်ပြထားတဲ့ အသေးစိတ်အခြေခံရမယ့်မူ (၄)ချက်သည် လျော်ကန်သင့်မြတ်ပါသဖြင့် အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အချက်(၄)ချက်ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း" ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ စုစည်းရှင်းလင်းတင်ပြထားသော အချက်(၄)ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနဲ့စပ်လျဉ်း၍ ပြီးပြည့်စုံသည်ဖြစ်၍ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

"ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်များကို လေ့လာသုံးသပ်ခဲ့ရာတွင်–

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အကြောင်းပေါ်ပေါက်လာပါလျှင် မည်သို့ပြင်ဆင်ရမည်။ ပြင်ဆင်ရမည့် ဥပဒေသတ်မှတ်ချက်များ၊ ပြင်ဆင်နိုင်ရန် လုပ်ငန်းစဉ်အစီအစဉ်များ အစရှိသည့် အခြေခံဥပဒေပြင်ဆင်ခြင်းဆိုင်ရာ အကြောင်းတရားများကို ပြည့်စုံစွာဖော်ပြပါရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

စာမျက်နှာ ၅ ကော်လံ ၁

24-7 (04) 1 7/24/07, 1:45 AM

စာမျက်နှာ ၄ မှ

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနဲ့ စပ်လျဉ်းတဲ့ စုစည်းချက် (၄)ချက်သည် လျော်ကန်သင့်မြတ်ပါသဖြင့် အသေးစိတ်အခြေခံရမယ့် မူများ အဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ (၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း(၄)စောင်အနက်–

– တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်

– မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ်၊ ရှာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

"ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းအတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းလို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းစုစည်းတင်ပြထားတဲ့ အသေးစိတ်အခြေခံရမယ့်မူ(၄)ချက်သည် လျော်ကန်သင့်မြတ်ပါသဖြင့် အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ကြောင်း" ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က –

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနဲ့ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက် အချက်(၄)ချက်အပေါ် ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"ဖွဲ့စည်းပုံအခြေခံဥပဒေကို (၁၀)နှစ်ကြာ လက်တွေ့ကျင့်သုံးနိုင်ဖို့လိုအပ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ရဲ့သက်တမ်းဟာ (၅)နှစ်ဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်သက်တမ်း(၂)ကြိမ်ဆိုရင် (၁၀)နှစ်ဖြစ်ပါတယ်။

ဒါကြောင့် "ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်အခန်းအတွက် ပြဋ္ဌာန်းချက်များမှလွဲ၍ ကျန်အခန်းများအတွက် ပြဋ္ဌာန်းချက်များကို ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးသည်အထိ ပြင်ဆင်ခြင်းမပြုရ"လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"ဟု လည်းကောင်း။

"ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းကုန်ဆုံးပြီးတဲ့နောက် တတိယအကြိမ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပပြီးတဲ့အခါ ပြည်သူတွေမှာ ရွေးကောက်ပွဲ အတွေ့အကြုံ (၃)ကြိမ်ရှိသွားပြီဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ ပြည်သားများအတွင်းမှာ ထိုက်သင့်တဲ့ ဒီမိုကရေစီစံနှုန်းများနဲ့ ဆင်ခြင်တုံတရားများလည်း ရရှိလောက်ပြီလို့ ယူဆပါတယ်။ ပြည်သူ၊ပြည်သားများကလည်း နိုင်ငံရဲ့အရေး၊ တစ်နည်းအားဖြင့် နိုင်ငံရေးကို တောင်သူလယ်သမား၊ အလုပ်သမား၊ ဝန်ထမ်း၊ တပ်မတော်သားများပါ စိတ်ဝင်တစားနဲ့ လေ့လာပြီး နိုင်ငံရေးအသိအမြင်ကြွယ်ဝတဲ့ နိုင်ငံသားများ ဖြစ်လာကြပါတယ်။ ဒီနိုင်ငံသားများက ရွေးချယ်ပေးလိုက်တဲ့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များဟာလည်း "လူမှန် နေရာမှန်"ဆိုသလို ဆင်ခြင်တုံတရားရှိတဲ့ အရည်အချင်းပြည့်ဝတဲ့ လွှတ်တော်ကိုယ်စားလှယ်များဖြစ်လာကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန်ကိစ္စမှာ နိုင်ငံအတွက် ဘဏ္ဍာရေးအရရော၊ အုပ်ချုပ်ရေးအရပါ ဝန်ထုပ်ဝန်ပိုးဖြစ်စေမယ့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲပြုလုပ်မယ့်အစား–

"ပြည်ထောင်စုလွှတ်တော်၏ တတိယအကြိမ် သက်တမ်းမှစတင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအား ပြင်ဆင်လိုပါက နိုင်ငံတော်အခန်းအတွက် ပြဋ္ဌာန်းချက်များမှတစ်ပါး၊ အခြားအခန်းများအတွက် ပြဋ္ဌာန်းချက်များအား ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ သုံးပုံနှစ်ပုံ (၂/၃)ဆန္ဒမဲဖြင့် ပြင်ဆင်နိုင်သည်"

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း" ဟုလည်းကောင်း တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးတင်ဝင်းပါ(၆)ဦးတို့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

"ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့အနေဖြင့်လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းတွင် အောက်ပါအချက်အလက်များကြောင့် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်ပါတယ်လို့ သဘောရရှိပါတယ်–

(က) ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်သည့်အဆိုပြုချက်တွင် အခြားမသက်ဆိုင်သည့် အဆိုပြုချက်များ မပါဝင်စေဘဲ ဥပဒေမူကြမ်းအဖြစ်ဖြင့်သာ တင်သွင်းခွင့်ရှိခြင်း၊

(ခ) အဆိုပါဥပဒေမူကြမ်းအား လွှတ်တော်နှစ်ရပ်ပေါင်းဖြစ်သော ပြည်ထောင်စုလွှတ်တော်တွင်သာ တင်သွင်းနိုင်ခြင်း၊

(ဂ) ပြည်ထောင်စုလွှတ်တော်တွင်လည်း လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းက တင်ပြမှသာ လွှတ်တော်က လက်ခံဆွေးနွေးရမှာဖြစ်ခြင်း၊

(ဃ) အဓိကကျသော နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းများနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့ရှိ အချက်များအား ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲရရှိမှသာ ပြင်ဆင်ချက်သည် အတည်ဖြစ်မည်ဖြစ်ခြင်းနှင့် အခြားပြဋ္ဌာန်းချက်များကို ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်နိုင်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား လွယ်လင့်တကူ မပြင်ဆင်နိုင်ခြင်း၊

စသော အချက်အလက်များ ပြည့်စုံစွာပါရှိသောကြောင့် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက် အပိုဒ်(၃)နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါတယ်။

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းချပြတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနှင့်စပ်လျဉ်း၍ အသေးစိတ် အခြေခံရမယ့်မူများ အပိုဒ်(၁)မှ (၄)အထိကို အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့က–

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမယ့်မူများနဲ့စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ စုစည်းတင်ပြချက် အပိုဒ်(၁)မှ (၄)အထိ အချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်တင်သွင်းသော ဥပဒေမူကြမ်းတွင် အခြားအဆိုများ မပါရှိစေရ

အလှည့်ကျသဘာပတိအဖွဲ့ဝင် အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာ မနန်တူးဂျာ နိုင်ငံတော်အလံ၊ အထိမ်းအမှတ် တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ပြောင်းလဲမှု (Globalization) ဖြစ်စဉ်အရသော်လည်းကောင်း၊ အခြေအနေနှင့် အချိန်အခါအလျောက် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပြင်ဆင်ဖို့လိုအပ်လာလျှင် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်သွားမှာ ဖြစ်ပါတယ်။ ဤတွင် စုစည်းတင်ပြချက်အပိုဒ်(၃)တွင် **'ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၂၀)ရာခိုင်နှုန်းက တင်ပြလာလျှင်'** ဟူသော စကားရပ်ပါသည့်အတွက် လူနည်းစု၏ဆန္ဒအတွက်လည်း ဒီမိုကရေစီနည်းကျကျ အခွင့်အရေးပေးထားခြင်းကို ဝမ်းမြောက်မိပါတယ်။ ဆက်လက်၍ အဆိုပါအပိုဒ်(၃)ပါအတိုင်း အဆိုတင်သွင်းသော ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးပြီးနောက် သက်ဆိုင်ရာအခန်း၊ ပုဒ်မများအား သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ပြင်ဆင်ခြင်းကိုသော်လည်းကောင်း၊ ငြင်းပယ်ခြင်းကိုသော်လည်းကောင်း၊ ဆန္ဒမဲများနှင့် ဆုံးဖြတ်ပေးမည်ဖြစ်ပါတယ်။ ထိုသို့ ပြင်ဆင်ခြင်းပြုပြီးသော (သို့မဟုတ်) ငြင်းပယ်ခြင်းပြုပြီးသော ဥပဒေမူကြမ်းကိုပင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၂၀)ရာခိုင်နှုန်းက ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခြင်းသည် သင့်လျော်မည်မဟုတ်ပါ။ ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(An Enduring State Constitution)အား ပြင်ဆင်ရန်အကြိမ်ကြိမ် အဆိုတင်သွင်းခြင်းသည် မဖြစ်သင့်ဟု ယုံကြည်ပါ၍ ဆွေးနွေးဆုံးဖြတ်ပြီးသော ဥပဒေမူကြမ်းအား သဘောတူသည်ဖြစ်စေ၊ ငြင်းပယ်သည်ဖြစ်စေ ထပ်မံတင်သွင်းခွင့်ကို အချိန်ကာလတစ်ခု ကန့်သတ်ထားသင့်သည်ဟု ယူဆမိပါတယ်။ သို့ပါ၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း၏ (၂၀)ရာခိုင်နှုန်းရှိစေကာမူ **"ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်အဆိုတင်သွင်းသော ဥပဒေမူကြမ်း တစ်ခုအား ပြည်ထောင်စုလွှတ်တော် သက်တမ်းတစ်ခုအတွင်း၌ သင့်လျော်သော သတ်မှတ်ကာလတစ်ခုအတွင်း နောက်တစ်ကြိမ် ထပ်မံတင်သွင်းခြင်းမပြုသင့်သောကြောင့်"** လွှတ်တော်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်းသည့်အခါ ထည့်သွင်းစဉ်းစားသင့်ကြောင်း" တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က–

"ကျွန်တော်တို့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အမျိုးသားညီလာခံကိုယ်စားလှယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမည့်မူ(၄)ချက်၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူ(၅)ချက်၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမည့်မူ(၈)ချက်နှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမည့်မူ (၂၆)ချက်တို့ကို အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က–

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူ (၄)ချက်ကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့က–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့က–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနဲ့စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက် အချက်(၄)ချက်အပေါ် ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက 'နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း'နဲ့စပ်လျဉ်းပြီး–

"လွတ်လပ်ပြီးအချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတိုင်းမှာ နိုင်ငံတော်အလံ၊ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၊ နိုင်ငံတော်သီချင်းနဲ့ မြို့တော်များကို သတ်မှတ်ထားလေ့ရှိကြပါတယ်။ အဲဒီလို သတ်မှတ်တဲ့နေရာမှာလဲ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြပြဋ္ဌာန်းကြတဲ့ နိုင်ငံများရှိကြသလို ဥပဒေပြုလွှတ်တော်များက သီးခြားဥပဒေပြဋ္ဌာန်းပြီး ဆောင်ရွက်ကြတဲ့ နိုင်ငံများလည်းရှိကြတာကို လေ့လာတွေ့ရှိရပါတယ်။

ရှေးဦးစွာ နိုင်ငံတော်အလံနဲ့စပ်လျဉ်းပြီး ရှင်းလင်းပြောကြားရမယ်ဆိုရင် နိုင်ငံတော်အလံကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြပြဋ္ဌာန်းတဲ့အခါ နိုင်ငံတော်အလံကို မည်သို့မည်ပုံသတ်မှတ်ရန်ကိစ္စကိုသာ အဓိကထားပြီး ပြဋ္ဌာန်းလေ့ရှိကြပါတယ်။ နိုင်ငံတော်အလံနဲ့စပ်လျဉ်းပြီး အသုံးပြုကြရာမှာ လိုက်နာရမယ့်အချက်တွေ၊ ရှောင်ကြဉ်ရမယ့်အချက်တွေနဲ့ အဲ့ဒီလိုရှောင်ရမယ့်အချက်၊ လိုက်နာရမယ့်အချက် စတာတွေကို ဖောက်ဖျက်ကျူးလွန်ရင် ချမှတ်ခံရမယ့် ပြစ်ဒဏ်အနည်းအများကိုတော့ ဥပဒေပြုလွှတ်တော်များက သီးခြားဥပဒေပြဋ္ဌာန်းထားလေ့ရှိတာကို လေ့လာတွေ့ရှိရပါတယ်။

နိုင်ငံတော်အလံကို သတ်မှတ်ကြရာမှာလည်း သက်ဆိုင်ရာနိုင်ငံများအနေနဲ့ မိမိတို့ရဲ့နိုင်ငံမှာ ဖြစ်ပေါ်ခဲ့တဲ့ သမိုင်းကြောင်းကို အဓိကအခြေခံထားရှိပြီး သတ်မှတ်ပေးလေ့ရှိကြပါတယ်။ နိုင်ငံတော်အလံမှာ ဖော်ပြပါရှိတဲ့ အရောင်တွေကတော့ အများအားဖြင့် အဖြူရောင်၊ အနီရောင်၊ အပြာရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ လိမ္မော်ရောင်စသည့် အရောင်တွေအနက် မိမိတို့နိုင်ငံရဲ့ သမိုင်းကြောင်းအရ လိုက်ဖက်ညီမယ့် အရောင်များကို သတ်မှတ်လေ့ရှိကြပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုသားအားလုံး ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်ကြသည့်အလျောက် ပြည်ထောင်စုနိုင်ငံတော်ကို ကိုယ်စားပြုသည့် ကြယ်ဖြူပွင့်ကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် နိုင်ငံတော်အလံမှာ ဖော်ပြသင့်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိကြပါတယ်။ အဲဒီလို စိုက်ပျိုးရေးကိုအခြေခံတဲ့ တိုင်းပြည်ဖြစ်ပြီး အေးချမ်းသာယာ၍ စိမ်းလန်းစိုပြည်သော နိုင်ငံအဖြစ်ဖော်ညွှန်းတဲ့ အစိမ်းရောင်ကိုလည်း နိုင်ငံတော်အလံမှာ ဖော်ပြသင့်ပါတယ်။ ဒါ့အပြင် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ပြန်လည်စုစည်းခြင်းနဲ့ တိုင်းရင်းသားအားလုံး ချစ်ခင်ရင်းနှီးညီညွတ်စွာ စည်းစည်းလုံးလုံးရှိခြင်းတို့ကို အဓိပ္ပာယ်ဖော်ဆောင်တဲ့ အဝါရောင်ကိုလည်း ဖော်ပြသင့်ပါတယ်။ အချို့နိုင်ငံများမှာ အဝါရောင်ကို မင်္ဂလာရှိသော တော်ဝင်အရောင်ဟု သတ်မှတ်ကြပါတယ်။ ထို့အပြင် ရဲရင့်ခြင်း၊ ပြတ်သားခြင်းဟူသော အဓိပ္ပာယ်ကိုဖော်ဆောင်တဲ့ အနီရောင်ကိုလည်း ဖော်ပြသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အလံနှင့်စပ်လျဉ်းပြီး–

"၁။ နိုင်ငံတော်အလံကို အောက်ပါအတိုင်းသတ်မှတ်ရမည်–

နိုင်ငံတော်အလံတွင် အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်တို့ကို အလျားလိုက်အချိုးညီစွာ ဖော်ပြပြီး အစိမ်းရောင်တွင် လက်ဝဲဘက်၌ ကြယ်ဖြူကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်။

၂။ နိုင်ငံတော်အလံနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းရမည်"

လို့ အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်"လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

ဆက်လက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နဲ့စပ်လျဉ်းပြီး–

"ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူနဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ရှိခဲ့တဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နဲ့ စပ်လျဉ်းတဲ့ ပြဋ္ဌာန်းချက်မပါရှိသော်လည်း

စာမျက်နှာ ၆ ကော်လံ ၁

24-7 (05) 1 7/24/07, 1:45 AM

နိုင်ငံတော်အလံတွင် အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်တို့ကို အလျားလိုက် အချိုးညီစွာဖော်ပြပြီး အစိမ်းရောင်တွင် လက်ဝဲဘက်၌ ကြယ်ဖြူကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်

စာမျက်နှာ ၅ မှ

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ပုံစံကို ဖော်ပြပြီး နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဟာ ဖော်ပြပါပုံစံအတိုင်း ဖြစ်တယ်လို့ ပြဋ္ဌာန်းခဲ့တာကို တွေ့ရှိရပါတယ်။

နိုင်ငံတကာမှာ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နဲ့စပ်လျဉ်းပြီး သတ်မှတ်ကြပုံကို လေ့လာတဲ့အခါမှာ အချို့နိုင်ငံများက ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အသေးစိတ် ထည့်သွင်းပြဋ္ဌာန်းကြတာ တွေ့ရပါတယ်။ နိုင်ငံတချို့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အသေးစိတ်ပြဋ္ဌာန်းခြင်းမပြုဘဲ၊ ဥပဒေပြုလွှတ်တော်က ဥပဒေဖြင့် သတ်မှတ်ရမယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းတာကို တွေ့ရပါတယ်။ အဲဒီလို ဥပဒေပြုလွှတ်တော်က နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နဲ့ဆိုင်တဲ့ ဥပဒေကို ပြဋ္ဌာန်းတဲ့အခါမှာ သက်ဆိုင်ရာ နိုင်ငံရဲ့သမိုင်းကြောင်း၊ နိုင်ငံရဲ့ယဉ်ကျေးမှု၊ နိုင်ငံနဲ့ လူမျိုးရဲ့ ထုံးထမ်းစဉ်လာများကို ထင်ဟပ်တဲ့ အထိမ်းအမှတ်တံဆိပ်ဖြစ်စေရမယ် စသည်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သတ်မှတ်ချက်များ ထည့်သွင်းပြဋ္ဌာန်းကြတာကို တွေ့ရပါတယ်။ နိုင်ငံတချို့ကတော့ ဥပဒေပြုလွှတ်တော်က နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်ကို ပြဋ္ဌာန်းပြီးတဲ့နောက် ပြည်သူ့ဆန္ဒခံယူပြီး အတည်ပြုရမယ်လို့ သတ်မှတ်တာကိုလည်း တွေ့ရပါတယ်။

ဒါကြောင့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ပုံကို ဖော်ပြပြီး–

"နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်သည် အောက်ဖော်ပြပါအတိုင်း ဖြစ်သည်" လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်–မသင့် ဆွေးနွေးအကြံပြုဖို့ ဖြစ်ပါတယ်"လို့ ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

ဆက်လက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်သီချင်း သတ်မှတ်ရေးနဲ့ စပ်လျဉ်းပြီး–

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ နိုင်ငံတော်သီချင်းနဲ့ စပ်လျဉ်းပြီး ပြဋ္ဌာန်းချက် မတွေ့ရှိရပေမယ့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ နိုင်ငံတော်သီချင်းကို ပြည်သူ့လွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းပေးရမယ်၊ နိုင်ငံတော် သီချင်းအသစ်ကို ပြည်သူ့လွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းခြင်း မပြုနိုင်မီ လက်ရှိနိုင်ငံတော်သီချင်းကို ဆက်လက်အသုံးပြုရမယ်လို့ ပြဋ္ဌာန်းခဲ့တာကို တွေ့ရပါတယ်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲစဉ်က နိုင်ငံတော်သီချင်းအသစ် သတ်မှတ်ဖို့ သီချင်းပုဒ်ရေ(၁၅၀)အထိ ဂီတပညာရှင်များရဲ့အကူအညီနဲ့ စိစစ်ခဲ့ပေမယ့် ပြည်သူအများစုရဲ့ဆန္ဒက လက်ရှိနိုင်ငံတော်သီချင်းကိုသာ နှစ်ခြိုက်လက်ခံကြတာကို လေ့လာတွေ့ရှိရကြောင်း၊ သီချင်းအသစ်များကို လက်ခံလိုခြင်း မရှိတာကို တွေ့ရကြောင်း၊ အဲဒီလို တွေ့ရှိရတဲ့အတွက် နောင်ပေါ်ပေါက်လာမယ့် ပြည်သူ့လွှတ်တော်က နိုင်ငံတော်သီချင်းကို သတ်မှတ်ပြဋ္ဌာန်းဖို့နဲ့ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းခြင်းမပြုနိုင်မီ လက်ရှိနိုင်ငံတော်သီချင်းကို ဆက်လက်အသုံးပြုဖို့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းခဲ့ရကြောင်း လေ့လာတွေ့ရှိရပါတယ်။

ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ နိုင်ငံတော်သီချင်း သတ်မှတ်ပြဋ္ဌာန်းမှုနဲ့စပ်လျဉ်း၍ လေ့လာတဲ့အခါ နိုင်ငံအများစုက မည်သည့်သီချင်းကို နိုင်ငံတော်သီချင်းအဖြစ် သတ်မှတ်ကြောင်း သီချင်းအမည်ကို ဖော်ပြ ပြဋ္ဌာန်းတာကို တွေ့ရပါတယ်။ နိုင်ငံတချို့ကတော့ ခုနှစ်၊ သက္ကရာဇ်တစ်ခုကို ဖော်ပြပြီး အဲဒီခုနှစ်မတိုင်မီက သတ်မှတ်ခဲ့တဲ့ သီချင်းကို နိုင်ငံတော်သီချင်းအဖြစ် သတ်မှတ်တယ်၊ ဘယ်ခုနှစ်က အမိန့်၊ ဒီကရီနဲ့ သတ်မှတ်ခဲ့တဲ့ သီချင်းကို နိုင်ငံတော်သီချင်းအဖြစ် သတ်မှတ်တယ်၊ မည်သည့်စာသားနဲ့ စတင်တဲ့သီချင်းကို နိုင်ငံတော်သီချင်းအဖြစ် သတ်မှတ်တယ် စသည်ဖြင့် ပြဋ္ဌာန်းကြတာကိုလည်း တွေ့ရပါတယ်။ နိုင်ငံတချို့ကတော့ နိုင်ငံတော်သီချင်းကို လွှတ်တော်က ဥပဒေနဲ့ သတ်မှတ်ရမယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းတာကို တွေ့ရပါတယ်။

အဲဒီလို နှစ်ပေါင်းရှည်ကြာစွာ အသုံးပြုခဲ့တဲ့အပြင် စာသားများမှာလည်း အမျိုးသားညီလာခံက ချမှတ်ထားခဲ့တဲ့အခြေခံရမယ့်မူများနဲ့ ညီညွတ်တဲ့အတွက်ကြောင့် နိုင်ငံတော်သီချင်းအတွက် အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရာမှာ–

"နိုင်ငံတော်သီချင်းအဖြစ် လက်ရှိနိုင်ငံတော်သီချင်းကို သတ်မှတ်သည်" လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်–မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်"လို့ ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

ဆက်လက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"နိုင်ငံတော်ရဲ့မြို့တော် သတ်မှတ်ရေးနဲ့စပ်လျဉ်းပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းချက် မပါရှိသော်လည်း ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ နိုင်ငံတော်၏မြို့တော်သည် ရန်ကုန်မြို့တော်ဖြစ်သည်လို့ သတ်မှတ်ပြဋ္ဌာန်းခဲ့တာကို တွေ့ရှိရပါတယ်။

ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာတဲ့အခါမှာ နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်တဲ့မြို့အမည်ကို ဖော်ပြထားတာ တွေ့ရှိရသလို ဖော်ပြခြင်း မရှိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

နိုင်ငံအတော်များများရဲ့ မြို့တော်များဟာ နိုင်ငံရဲ့အလယ်ဗဟိုမှာ တည်ရှိကြတာ တွေ့ရပါတယ်။ နိုင်ငံတိုင်းမှာ ဗဟိုအစိုးရရဲ့ ရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်လေ့ရှိကြတာ လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သွားရေးလာရေး အဆင်ပြေပြီး နိုင်ငံတော်ရဲ့ အချက်အချာကျမယ့် နေရာဒေသကို ရွေးချယ်သတ်မှတ်လေ့ ရှိကြပါတယ်။

ဒါကြောင့်–

"နေပြည်တော်သည် နိုင်ငံတော်၏မြို့တော်ဖြစ်သည်" လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်–မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ကြောင်း" ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

ဆက်လက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"ကျွန်တော် ရှင်းလင်းတင်ပြခဲ့တဲ့ လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များအပေါ် အခြေပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်းနဲ့ စပ်လျဉ်းလို့ ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါတယ်–

နိုင်ငံတော်အလံ

၁။ နိုင်ငံတော်အလံကို အောက်ပါအတိုင်း သတ်မှတ်ရမည်–
နိုင်ငံတော်အလံတွင် အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်တို့ကို အလျားလိုက် အချိုးညီစွာ ဖော်ပြပြီး အစိမ်းရောင်တွင် လက်ဝဲဘက်၌ ကြယ်ဖြူကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်။

၂။ နိုင်ငံတော်အလံနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းရမည်။

နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်

နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို ဖော်ပြပြီး–
နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်သည် အောက်ပါအတိုင်းဖြစ်သည်။

နိုင်ငံတော်သီချင်း

နိုင်ငံတော်သီချင်းအဖြစ် လက်ရှိနိုင်ငံတော်သီချင်းကို သတ်မှတ်သည်။

နိုင်ငံတော်၏မြို့တော်

နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်"

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

အလှည့်ကျသဘာပတိအဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီမှ ဦးမျိုးသန့် (မောင်ဆုရှင်) နိုင်ငံတော် အလံ၊ အထိမ်း အမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော် အခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဖတ်ကြား တင်ပြစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား –

အဲဒီ ရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ (၈)ပါတီအနက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက–

"လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတိုင်းသည် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ နိုင်ငံတော်သီချင်းနှင့် မြို့တော်များကို သတ်မှတ်ထားလေ့ရှိသည့်အားလျော်စွာ ပြည်ထောင်စု မြန်မာနိုင်ငံ၌လည်း မရှိမဖြစ်လိုအပ်ချက်များဖြစ်သည့်အလျောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြခဲ့သည့် "နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း" အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများမှာ လျော်ကန်သင့်မြတ်ကြောင်း"။

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတဲ့ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနဲ့ မြို့တော်အခန်းပါ အချက်အားလုံးကို အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီက–

"နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၊ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်၏မြို့တော်အခန်းများနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းတင်ပြချက်များသည် နိုင်ငံတော်ရဲ့ သမိုင်းအရသော်လည်းကောင်း ဝေါဟာရပြည့်စုံမှု၊ သဘောဝကျမှုများသည် အင်မတန် ပြည့်စုံပြီးဖြစ်သည့်အတွက် ကျွန်တော်တို့ပါတီမှ ထပ်မံအကြံပြုဆွေးနွေးရန် မရှိပါကြောင်း။

ဒါကြောင့်–

"နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်သည် အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။ နိုင်ငံတော်သီချင်းအဖြစ် လက်ရှိနိုင်ငံတော်သီချင်းကို သတ်မှတ်သည်။ 'နေပြည်တော်သည် နိုင်ငံတော်၏မြို့တော်ဖြစ်သည်' ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ မြို (ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးရဲ့ နောင်ပေါ်ပေါက်လာမည့် နိုင်ငံတော်အလံနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားချက်များဟာ ဖြစ်ပေါ်လာမည့်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်၏ ရေ၊ မြေ၊ သဘာဝ အနေအထားတို့နှင့် ကိုက်ညီမှုရှိသည်ကို တွေ့ရှိရပါတယ်။

သို့ပါ၍ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်တို့အား ဆွေးနွေးရန်မရှိပါသဖြင့် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့အချက်များကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က–

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြထားသော နိုင်ငံတော်အလံသည် နောင်ပေါ်ပေါက်လာမည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် သင့်လျော်သော နိုင်ငံတော်အလံဖြစ်၍ ထပ်မံအကြံပြုဖြည့်စွက်ရန် မရှိတော့ပါသဖြင့် အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဟုလည်းကောင်း၊

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌမှ ရှင်းလင်းတင်ပြပြီး ဖော်ပြတဲ့ နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်သည် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း" ဟုလည်းကောင်း၊

"နှစ်ပေါင်းကြာရှည်စွာ အသုံးပြုခဲ့တဲ့အပြင် သီချင်းစာသားများမှာလည်း အမျိုးသားညီလာခံက ချမှတ်ထားခဲ့တဲ့ အခြေခံမူများနဲ့ ညီညွတ်တဲ့အတွက်ကြောင့် နိုင်ငံတော်သီချင်းအဖြစ် လက်ရှိနိုင်ငံတော်သီချင်းကို သတ်မှတ်သည်လို့ အသေးစိတ်အခြေခံရမယ့် မူအဖြစ် ချမှတ်သင့်ကြောင်း" ဟုလည်းကောင်း၊

"ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ မြို့တော်သတ်မှတ်ရေးအတွက် အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရေးနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တင်ပြသော 'နေပြည်တော်' အား နောင်ပေါ်ပေါက်လာမည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မြို့တော်အဖြစ် 'နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်' လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ကြောင်း" ဟုလည်းကောင်း၊ ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီက–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းချက်များဟာ သင့်မြတ်ဆီလျော်မှုရှိပါသဖြင့် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"နိုင်ငံတော်အလံနှင့်စပ်လျဉ်းပြီး မူစုစည်းချက် အချက်(၂)ချက်ကို အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း၊ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နဲ့စပ်လျဉ်း၍ နိုင်ငံတော်ရဲ့သမိုင်းကြောင်း၊ နိုင်ငံရဲ့ယဉ်ကျေးမှု၊ နိုင်ငံနဲ့ လူမျိုးရဲ့ ထုံးတမ်းစဉ်လာများကို ထင်ဟပ်စေတဲ့ အထိမ်းအမှတ်တံဆိပ်ဖြစ်ခြင်းကြောင့်လည်းကောင်း။

နိုင်ငံတော်သီချင်းနဲ့စပ်လျဉ်း၍ လက်ရှိအသုံးပြုနေတဲ့ နိုင်ငံတော်သီချင်းဟာ ရာစုနှစ်တစ်ဝက်ကျော်ပြီဖြစ်တဲ့အပြင် အမျိုးသားညီလာခံက ချမှတ်ခဲ့တဲ့ အခြေခံရမယ့်မူများမှာ နိုင်ငံတော်၌တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ မိမိတို့ရဲ့ ဘိုးဘွားအမွေအနှစ်ဖြစ်တဲ့ ပြည်ထောင်စုအမြဲတည်တံ့စေဖို့ ထိန်းသိမ်းရေး၊ ပြည်ထောင်စုကို အသက်ပေးကာကွယ်ရေး၊ ပြည်ထောင်စုအကျိုးကို ညီညွတ်စွာ ထမ်းဆောင်ရေးဆိုတဲ့ စာသားများပါရှိ၍ သီချင်းသံစဉ်သည်လည်း အမျိုးသားဇာတိသွေး၊ ဇာတိမာန်မြင့်တက်စေခြင်း၊ မျိုးချစ်စိတ်၊ နိုင်ငံတော်ချစ်စိတ် ပိုမိုလှုံ့ဆော်ပွားများစေနိုင်ခြင်းစတဲ့ စွမ်းရည်များ ပြည့်စုံလျက်ရှိ၍လည်းကောင်း။

နေပြည်တော်ကို နိုင်ငံတော်ရဲ့မြို့တော်အဖြစ် သတ်မှတ်ရေးနှင့်စပ်လျဉ်း၍ နေပြည်တော်သည် နိုင်ငံတော်၏အလယ်ဗဟို အချက်အချာကျတဲ့နေရာတွင် တည်ရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ဗဟိုရုံးများရုံးစိုက်ထားရာ နေရာဖြစ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေခြင်းတို့ကြောင့်လည်းကောင်း စတဲ့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ကျိုးကြောင်းဖော်ပြချက်များသည် ပြည့်စုံဆီလျော်မှုရှိတဲ့အတွက် အထူးဆွေးနွေးရန်မလိုဘဲ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ (၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း (၄)စောင်အနက်–

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှကိုယ်စားလှယ်
- မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်တဲ့ ယင်းတို့ရဲ့နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမူထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

"ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမယ့်မူများနဲ့စပ်လျဉ်းလို့ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ

စာမျက်နှာ ၇ ကော်လံ ၁

နိုင်ငံတော်သီချင်းအဖြစ် လက်ရှိနိုင်ငံတော်သီချင်းကို သတ်မှတ်သည် နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်

စာမျက်နှာ ၆ မှ

ဥက္ကဋ္ဌ၏ ရှင်းလင်းစုစည်းတင်ပြထားတဲ့ အသေးစိတ်အခြေခံရမယ့်မူများသည် လျော်ကန်သင့်မြတ်ပါသဖြင့် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း”ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

“နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်တွင် ၁၉၈၉ ခုနှစ်၊ ဇွန်လ(၁၈)ရက် ရက်စွဲပါ အမိန့်အမှတ် ၂/၈၉ဖြင့် **“ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လက်ရှိနိုင်ငံတော်သီချင်းတွင်ပါရှိသော “ဗမာ”ဆိုသည့် စကားရပ်သည် ဗမာလူမျိုးတစ်မျိုးတည်းကိုသာ ရည်ညွှန်းသည့်သဘော သက်ရောက်နေပါသည်။ အမှန်အားဖြင့် နိုင်ငံတော်သီချင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံးနှင့် သက်ဆိုင်ပါသည်။ သို့ဖြစ်၍ လက်ရှိနိုင်ငံတော်သီချင်းတွင်ပါရှိသော “ဗမာ”ဆိုသည့်စကားရပ်ကို တိုင်းရင်းသားများအားလုံးကိုရည်ညွှန်းသည့် “မြန်မာ”ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင် ပြောင်းလဲလိုက်သည်”**လို့ တိုင်းပြည်တစ်ဝန်းလုံးကို ကြေညာခဲ့ပါသည်။ **“ဗမာ”**ကို **“မြန်မာ”**ဟု မည်သို့ပင် ပြောင်းလဲသတ်မှတ်စေကာမူ သီဆိုသူများအနေဖြင့် အမှုမဲ့၊ အမှတ်မဲ့၊ ယောင်ဝါးဝါး သီဆိုနေကြတုန်းပင်ဖြစ်ပါတယ်။ သို့ဖြစ်၍ နောင်ဖြစ်ပေါ်လာမည့် အနာဂတ်နိုင်ငံတော်သစ်တွင်**“ဗမာ”**ကို **“မြန်မာ”**ဟု ပြောင်းလဲထားသည့် စကားရပ်များနှင့်အညီ အဓိပ္ပာယ်ရှိရှိ ပီပီသသ သီဆိုနိုင်ကြစေရန်အတွက်လည်းကောင်း၊ တိတိကျကျ လိုက်နာကြစေရေးအတွက်လည်းကောင်း၊ မေ့မေ့ လျော့လျော့ဖြစ်နေသူများ သတိပြန်လည်လာစေရေးအတွက်လည်းကောင်း ပြည်သူပြည်သားများကို အမိန့်၊ ကြေညာချက်များဖြင့် လိုအပ်သလို နှိုးဆော် ကြီးကြပ်ဆောင်ရွက်သင့်ပါကြောင်း သီးခြားအကြံပြုချက်တစ်ရပ်အနေဖြင့် အကြံပြုတင်ပြအပ်ပါတယ်”ဟုလည်းကောင်း။

“အထက်မှာ ဖော်ပြခဲ့တဲ့အခြေခံရမယ့်မူများနှင့် အသေးစိတ်အခြေခံရမယ့်မူများအရ ယခင်ချမှတ်ခဲ့ပြီးဖြစ်သော **“ရန်ကုန်မြို့”**ကို မြို့တော်အဖြစ် သတ်မှတ်ထားခြင်းမှ မပယ်ဖျက်သေးဘဲ **“နေပြည်တော်”**ကို နိုင်ငံတော်၏မြို့တော်အဖြစ် ထပ်မံသတ်မှတ်လိုက်မယ်ဆိုပါက တစ်နိုင်ငံတည်းတွင် မြို့တော်နှစ်ခုဖြစ်လာသည့်သဘော သက်ရောက်နေတယ်လို့ ထင်မြင်ယူဆပါတယ်။ ၎င်းအပြင် **“နေပြည်တော်”**ဟာ ယခုလောလောဆယ် မန္တလေးတိုင်းအတွင်း ပါဝင်နေပြီး အမျိုးသားညီလာခံမှာလည်း **“နေပြည်တော်”**နှင့်စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ထားခြင်းမရှိသေးရာ–

၁။ နေပြည်တော်နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတကိုယ်တိုင် အုပ်ချုပ်သည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်မည့်ကိစ္စ၊

၂။ နေပြည်တော်နယ်နိမိတ်သတ်မှတ်ရေးကိစ္စ၊

၃။ နေပြည်တော်အုပ်ချုပ်ရေးကိစ္စ၊

များကို မည်သည့်အချိန်ကာလတွင် မည်သို့သတ်မှတ်ထားရှိမည်၊ ယခုကျင်းပဆဲ အမျိုးသားညီလာခံကပဲ တစ်ခါတည်းသတ်မှတ်ပေးမည်၊ ဒါမှမဟုတ် နောင်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အဖွဲ့အစည်းများပေါ်ပေါက်လာမှ သတ်မှတ်ဆောင်ရွက်မည် စသည်ဖြင့် ဝေခွဲမရအောင်ဖြစ်နေရပါတယ်။

ထို့အပြင် ရန်ကုန်မြို့ကို (ပြည်ထောင်စုနယ်မြေ)အဖြစ် ဆက်လက်သတ်မှတ်ထားရှိမည်ဆိုပါက ရန်ကုန်တိုင်းဒေသကြီး၏မြို့တော်အဖြစ် မည်သည့်မြို့ကို သတ်မှတ်မည်နှင့်ပတ်သက်၍လည်း မရှင်းမလင်းဖြစ်နေပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့ကို နိုင်ငံတော်၏မြို့တော်အဖြစ်သတ်မှတ်ရန် အခြေခံရမယ့်မူများချမှတ်ခဲ့ကြစဉ်က “အုပ်ချုပ်ရေး”အရ သတ်မှတ်ခဲ့ကြပြီး ပြည်ထောင်စုနယ်မြေအဖြစ်ထားရှိရန် သတ်မှတ်ခဲ့ကြတာဖြစ်ပါတယ်။

မြို့တော်မဖြစ်တော့သည့်“ရန်ကုန်မြို့”ကို **ပြည်ထောင်စုနယ်မြေ သတ်မှတ်ရေးနှင့်စပ်လျဉ်းသည့် အပိုဒ်၁၁၊ အပိုဒ်ခွဲ(ဂ)ပါ** “နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့်နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေ သတ်မှတ်နိုင်သည်” ဆိုတဲ့ အသေးစိတ်အခြေခံရမယ့်မူအရ “ရန်ကုန်မြို့”ကို ထူးခြားသည့်အခြေအနေရှိသည့်နယ်မြေအဖြစ် အမျိုးသားညီလာခံတွင် တရားဝင်ဆွေးနွေးခြင်းမရှိဘဲ သတ်မှတ်ရန်သင့်လျော်မည် မဟုတ်ပါ။ ဥပဒေပြဋ္ဌာန်းပြီးမှသာ ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်တယ်လို့ ထင်မြင်ယူဆပါတယ်။ ဒါကြောင့် နိုင်ငံတော်၏မြို့တော် သတ်မှတ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်များအားလုံး ရှင်းရှင်းလင်းလင်းသိရှိနိုင်စေရန်အတွက် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ ပြန်လည်ရှင်းလင်းတင်ပြပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်”ဟုလည်းကောင်း။

တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမူထန်ပါ သုံးဦးတို့က အကြံပြုဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းနဲ့ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်များအပေါ် ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

“နိုင်ငံတော်အလံရဲ့ ပုံစံနဲ့ပတ်သက်လို့ ရွေးချယ်ရာမှာ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားပြီး ရွေးချယ်သင့်ပါတယ်–

(က) မိမိနိုင်ငံရဲ့ ထူးခြားတဲ့ဂုဏ်ထူးဝိသေသများကို ဖော်ပြနိုင်ရမည်၊

(ခ) အခြားသောနိုင်ငံများရဲ့အလံနဲ့ မှားယွင်းနိုင်တဲ့ ဆင်တူယိုးမှားပုံစံမျိုး မဖြစ်သင့်ပါ၊

(ဂ) ရှင်းလင်းလွယ်ကူပြီး မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများပင် အလွယ်တကူနားလည် ရေးဆွဲနိုင်တဲ့ ပုံစံမျိုးဖြစ်သင့်ပါတယ်။ ငယ်စဉ်ကပင် နိုင်ငံချစ်စိတ်များ ဖြစ်ပေါ်စေတဲ့ အကျိုးကျေးဇူးရရှိရန်ဖြစ်ပါတယ်၊

(ဃ) အရွယ်စုံ၊ ဆိုက်စုံပြုလုပ်ရာမှာပဲဖြစ်စေ၊ ရေးဆွဲရာမှာပဲဖြစ်စေ အချိုးကျဖို့ လွယ်ကူပြီး တစ်ခုနှင့်တစ်ခု ထပ်တူညီဖြစ်တဲ့ ပုံစံမျိုးဖြစ်သင့်ပါတယ်။

အထက်ပါအချက်များအပေါ် အခြေခံပြီး နိုင်ငံတော်အလံနှင့်ပတ်သက်၍ သီးခြားအကြံပြုလိုပါတယ်။

အစိမ်း၊ အဝါ၊ အနီ အရောင်သုံးမျိုးဟာ မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကာလထဲက “သုံးရောင်ခြယ် ဒေါင်းလံ” များမှာ ပါဝင်ခဲ့တာဖြစ်သလို မြန်မာနိုင်ငံရဲ့ ထူးခြားတဲ့ဂုဏ်ထူးဝိသေသများကို ပီပြင်အောင်ဖော်ပြနိုင်တဲ့အတွက် သင့်လျော်ပါကြောင်း အကြံပြုလိုပါတယ်။ ပြည်ထောင်စုကို ကိုယ်စားပြုတဲ့ ကြယ်ကြီးကိုတော့ အလံရဲ့ထိပ်မှာထားမယ့်အစား ပြည်ထောင်စုကြီးတစ်ခုလုံး စည်းလုံးညီညွတ်မှုသဘောကို ဖော်ဆောင်နိုင်ရန်အတွက် အလံရဲ့ အလယ်တည့်တည့်၊ တစ်နည်းအားဖြင့် အဝါရောင်ရဲ့ အလယ်တည့်တည့်၊ ကြယ်ရဲ့ထိပ်စွန်းဟာ အစိမ်းရောင်ရဲ့အောက်ခြေကိုထိပြီး ကြယ်ရဲ့အောက်ခြေအစွန်းနှစ်ခုဟာ အနီရောင်ရဲ့အပေါ်မျဉ်းကို ထိတဲ့နေရာမှာထားသင့်ပါတယ်။ ဒါမှလည်း စည်းလုံးညီညွတ်မှုသဘောကို ဆောင်ရုံမက အချိုးအစားအတိုင်း ရေးဆွဲရာမှာလည်း မှားယွင်းကွဲပြားမှုမရှိဘဲ တစ်ပြေးညီဖြစ်နိုင်ပါတယ်” ဟုလည်းကောင်း၊ နိုင်ငံတော်၏ မြို့တော်ကိုသတ်မှတ်ရာမှာ “နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်”လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်၊ မသင့် စဉ်းစားရာမှာ–

(က) နိုင်ငံတော်၏ နေရာအနှံ့အပြားနှင့် ဆက်သွယ်ရန် ကောင်းမွန်သည့် နေရာဒေသဖြစ်ခြင်း၊

(ခ) မြို့တော်တစ်ခု၏ အင်္ဂါရပ်နှင့်လျော်ညီသော အဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်မှု၊ သတင်းအချက်အလက် ဆက်သွယ်မှု၊ အစိုးရအဖွဲ့အစည်းများ အချင်းချင်း ဆက်သွယ်မှု အစရှိသည်တို့ ပြည့်စုံလွယ်ကူစွာရှိခြင်း၊

(ဂ) နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးရပ်ကို ကိုင်တွယ်ကျင့်သုံးမယ့် အဖွဲ့အစည်းများ လွယ်ကူစွာဆက်သွယ်နိုင်ခြင်း၊

(ဃ) စီးပွားရေးအချက်အချာမြို့များတွင် ကြုံတွေ့နိုင်သည့် လူဦးရေထူထပ်များပြားသောကြောင့် လျှပ်စစ်ဓာတ်အား မလုံလောက်ခြင်း၊ ရေမလုံလောက်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းနှင့် အခြားအထွေထွေ ရှုပ်ထွေးမှုများမှ ကင်းရှင်းခြင်း စတဲ့အချက်များနဲ့ ကိုက်ညီခြင်းရှိတဲ့အတွက် နေပြည်တော်အား နိုင်ငံတော်၏ မြို့တော်ဖြစ်သင့်သည်”

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် သတ်မှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဒီနေရာမှာ သတိပြုစရာအချက်တစ်ခုကို တင်ပြလိုပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်မယ့် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းနဲ့ပတ်သက်လို့ ချမှတ်ပြီးဖြစ်တဲ့ အသေးစိတ်အခြေခံရမယ့်မူတစ်ခုအဖြစ် ရန်ကုန်မြို့တော်အား ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်လို့ ချမှတ်ခဲ့ပြီးဖြစ်ပါသည်။ ဒီနေရာမှာ မြို့တော်ဆိုတဲ့ စကားလုံးအသုံးအနှုန်း သုံးထားတဲ့အတွက် ဒီအသေးစိတ်အခြေခံရမယ့်မူအား ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်ရန် လို၊ မလိုနှင့် နေပြည်တော်အား ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း သတိပြုစရာအချက်အဖြစ် တင်ပြလိုက်ပါတယ်”ဟု လည်းကောင်း တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးတင်ဝင်း ပါ(၆)တို့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံတော်အလံနှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌရှင်းလင်းပြောကြားခဲ့တဲ့ အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်တဲ့ စုစည်းချက် အပိုဒ်(၁)မှ(၂)အထိ အခြေခံမူများကိုလည်းကောင်း၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်တို့နှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်တဲ့ အခြေခံမူများကိုလည်းကောင်း ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

“အကြံပြုချက်(၁) နိုင်ငံတော်အလံနှင့် စပ်လျဉ်းပြီး အသုံးပြုကြရာမှာ လိုက်နာရမယ့်အချက်တွေ၊ ရှောင်ကြဉ်ရမယ့်အချက်တွေကို ဖောက်ဖျက်ကျူးလွန်ရင် ချမှတ်မယ့်ပြစ်ဒဏ်ကို ဥပဒေပြုလွှတ်တော်များက သီးခြားဥပဒေပြဋ္ဌာန်းရမယ်လို့ လေ့လာသိရှိရပါတယ်။ ယင်းသို့ဥပဒေပြဋ္ဌာန်းသည့်အခါ“နိုင်ငံတော်အလံ၏ ပုံသဏ္ဌာန်၊ အတိုင်းအတာ၊ အချိုးအစားများ”ကိုလည်း ထည့်သွင်း ပြဋ္ဌာန်းပေးသင့်ကြောင်း” ဖြည့်စွက်အကြံပြု တင်ပြအပ်ပါတယ်။

ရှင်းလင်းချက်– အလံတော်ဥပဒေပြဋ္ဌာန်းရာတွင် ပုံသဏ္ဌာန်၊ အတိုင်းအတာ၊ အချိုးအစားတို့နှင့်တကွ စိမ်း၊ ဝါ၊ နီ အရောင်များ အစဉ်လိုက်ရှိမှု၊ ကြယ်ဖြူကြီး၏ တည်ရာ၊ ရောင်ခြည်လက်တစ်ခု အထက်ဘက်သို့ မတ်မတ်ညွှန်လျက်ရှိမှုတို့အား အတိုင်းအတာတိကျစွာ သိရှိလိုက်နာနိုင်ရန် ဖြစ်ပါတယ်”ဟု လည်းကောင်း။

“အကြံပြုချက်(၂) နိုင်ငံတော်အလံနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းစုစည်းချက်အပိုဒ်(၁)တွင် နိုင်ငံတော်အလံနှင့် စပ်လျဉ်း၍–

“နိုင်ငံတော်အလံတွင် အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်တို့ကို အလျားလိုက် အချိုးညီစွာဖော်ပြပြီး အစိမ်းရောင်တွင် လက်ဝဲဘက်၌ ကြယ်ဖြူကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်”ဟု ဆိုသည့် စကားရပ်အစား**“နိုင်ငံတော်အလံတွင် အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်တို့ကို အလျားလိုက် အချိုးညီစွာဖော်ပြပြီး ကြယ်ဖြူကြီးကို အလံတော်၏ လက်ဝဲဘက်၌ အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်အားလုံးနှင့် ဆက်စပ်၍ အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်”**ဟု ပြင်ဆင်ရန် အကြံပြုတင်ပြအပ်ပါတယ်။

ထိုသို့ အကြံပြုတင်ပြရခြင်းမှာ–

(က) ပြည်ထောင်စုနိုင်ငံတော်အား ကိုယ်စားပြုသည့် ကြယ်ဖြူကြီးကို ထည်ဝါခံ့ညားထင်ရှားပေါ်လွင်စေလိုခြင်း၊

(ခ) တော်လှန်ရေးအဆက်ဆက် ရှေ့ဆောင်လမ်းပြဖြစ်ခဲ့သော ကြယ်ဖြူကြီး၏အင်အားကို ပိုမိုပေါ်လွင်စေလိုခြင်း၊

(ဂ) အဓိပ္ပာယ်အသီးသီး ဖော်ဆောင်သော အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်တို့နှင့် အပြန်အလှန် အကျိုးပြုလျက်ရှိကြောင်း ပေါ်လွင်စေလိုခြင်း၊

(ဃ) အလံတော်ကို မည်သည့်အခြေအနေတွင် လွှင့်ထူထားသည်ဖြစ်စေ ကြယ်ဖြူကြီးကို ထင်ထင်ရှားရှား မြင်တွေ့နိုင်စေလိုခြင်း၊

စသည်တို့ကြောင့် ဖြစ်ပါတယ်”ဟု လည်းကောင်း။

“နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၏ အလယ်ဗဟိုချက်တွင် ပါရှိသော မြန်မာနိုင်ငံမြေပုံ၏ ဝဲ၊ ယာ နှစ်ဖက်တွင် အောက်ခြေမှ အစပြု၍ အထက်ဘက်သို့ ဝန်းရံထားသော အောင်သပြေခက် နှစ်ခက်အား” ဖြည့်စွက်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

ထိုသို့ အကြံပြုတင်ပြရခြင်းမှာ “မြန်မာနိုင်ငံမြေပုံ၏ ဝဲ၊ ယာနှစ်ဖက်တွင် လစ်ဟာနေသော ကွက်လပ်ကို အားဖြည့်ပေးခြင်း၊ မင်္ဂလာရှိခြင်း၊ ငြိမ်းချမ်းခြင်း၊ အောင်မြင်ခြင်းသဘောကို ဖော်ညွှန်းလိုခြင်းတို့ကြောင့် ဖြစ်ပါတယ်” ဟု လည်းကောင်း။

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

“ကျွန်တော်တို့ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ခြင်းအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမည့်မူ (၄)ချက်၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမည့်မူ (၅)ချက်၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမည့်မူ (၈)ချက်နှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမည့်မူ (၂၆)ချက်တို့ကို အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က–

“အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားခဲ့တဲ့ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းတို့အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ရဲ့ ကိုယ်စားလှယ်များက တညီတညွတ်တည်း သဘောတူညီကြပါသဖြင့် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့က–

“အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များသည် အဆိုပါ ကမ္ဘာ့နိုင်ငံစုံ အလံများကို လေ့လာနှိုင်းယှဉ်ကြည့်ပါကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်အချို့ကလည်း အလံပုံစံသစ်များရေးဆွဲ တင်ပြလာကြသည်ကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြပါကြောင်း။

ကိုယ်စားလှယ်အချို့က လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့် နိုင်ငံတော်အလံသစ် အစိမ်း၊ အဝါ၊ အနီ ကန့်လန့်စင်း အရွယ်ညီ သုံးရောင်ခြယ် အလံနှင့် ကြယ်ဖြူထားရှိမယ့်နေရာကို ဆွေးနွေးတင်ပြကြပါကြောင်း။

နိုင်ငံတော်အလံသစ်အဖြစ် လုပ်ငန်း ကော်မတီဥက္ကဋ္ဌတင်ပြခဲ့သော အလံနမူနာတွင်ပါရှိသည့် အစိမ်း၊ အဝါ၊ အနီ ကန့်လန့်စင်းအရွယ်ညီ သုံးရောင်ခြယ် အလံသည် အဓိပ္ပာယ်ပြည့်ဝ လေးနက်ကြောင်း သုံးသပ်ရရှိခဲ့ကြပါကြောင်း။

“နိုင်ငံတော်တံဆိပ်နဲ့ပတ်သက်ပြီး မြန်မာမှုပညာရှင်၊ သမိုင်းပညာရှင်၊ ပန်းဆယ်မျိုးပညာရှင်ကိုယ်စားလှယ်များက သမိုင်းအမြင်၊ ခေတ်အမြင်နဲ့ ပေါင်းစပ်ပြီး နိုင်ငံတော်တံဆိပ်အပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည်များကို သုံးသပ်၍ ဆွေးနွေးကြပါကြောင်း” လို့ တင်ပြပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံတော်အလံနဲ့ စပ်လျဉ်း၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားခဲ့တဲ့ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမယ့်မူ (၂)ချက်နှင့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်တို့နဲ့ စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအပေါ် ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က–

“နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မယ့် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းနဲ့ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားချက်များအတိုင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့က–

“နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းတို့နဲ့ စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားခဲ့တဲ့ အချက်များကို အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။

မာလဲနတ်တောင်ရေလှောင်တမံပေါ်ထွက်လာခြင်းဖြင့် လယ်ယာကဏ္ဍပိုမိုမြင့်မား ဆည်ရေသောက်ဧရိယာအတွင်း စပါး၊ ပဲမျိုးစုံနှင့်ဆီထွက်သီးနှံများရာသီမရွေးစိုက်ပျိုးနိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု

အမှာစကားပြောကြား

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် စဉ့်ကူးမြို့နယ်ရှိ မာလဲနတ်တောင်ရေလှောင်တမံဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၃

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် ၂၀၁ခုမြောက် ဖွင့်လှစ်သည့် ရေလှောင်တမံဖြစ်သော မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်ရှိ မာလဲနတ်တောင်ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်၂၂ရက် နံနက် ၉နာရီတွင် အဆိုပါ မာလဲနတ်တောင် ရေလှောင်တမံ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြင်ဦးလွင်ခရိုင်နှင့် စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားရာတွင် ယနေ့သည် နိုင်ငံတော်၏ အခြေခံအင်အားစုကြီး တစ်ခုဖြစ်သည့် တောင်သူလယ်သမားများ၏ စီးပွားရေးဘဝမြှင့်တင်ရန် အဓိကလိုအပ်ချက် တစ်ခုဖြစ်သော ရေရရှိရေးလုပ်ငန်းအဖြစ် စဉ့်ကူးမြို့နယ်အတွင်းရှိ မာလဲနတ် တောင် ရေလှောင်တမံကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း။

မာလဲနတ်တောင်ရေလှောင်တမံသည် ၁၉၈၈ခုနှစ်နောက်ပိုင်း တည်ဆောက်ခဲ့သော ဆည်မြောင်းစီမံကိန်းများအနက် ၂၀၁ခုမြောက် ဆည်ဖြစ်သကဲ့သို့ မန္တလေးတိုင်းအတွင်း၌ တည်ဆောက်ပြီးစီးခဲ့သည့် ဆည်များအနက် ၄၉ခုမြောက် ဆည်လည်းဖြစ်ကြောင်း။

ရာသီမရွေးစိုက်ပျိုး

မာလဲနတ်တောင်ရေလှောင်တမံကနေပြီး ဆည်ရေသောက်ဧရိယာ ဧက ၁၀၀၀၀အတွင်း မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို ရာသီမရွေး စိုက်ပျိုးသွားနိုင်တော့မည်ဖြစ်ကြောင်း။

အထူးသဖြင့် စဉ့်ကူးမြို့နယ်သည် ဧရာဝတီမြစ်ဘေးတွင်ရှိသော်လည်း မိုးကိုသာမျှော်ကိုးပြီး စိုက်ပျိုးရခြင်းဖြစ်သည့်အတွက် မိုးမကောင်းသော နှစ်များတွင် အောင်မြင်ဖြစ်ထွန်းမှု လျော့နည်းခဲ့ကြောင်း၊ ယခုအခါ ရေလှောင်တမံကြီး တည်ဆောက်ပေးလိုက်သည့်အတွက် စိုက်ပျိုးရေးတွင် ရေသေချာသွားပြီး အထွက်နှုန်းများလည်း တိုးတက်ထွက်ရှိလာတော့မည်ဖြစ်ကြောင်း။

မန္တလေးတိုင်းအနေဖြင့် ယခု ၂၀၀၆-၂၀၀၇ခုနှစ်တွင် မိုးစပါး ၁၀၀၂၁၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယင်းတို့အနက် ဆည်၊ ကန်ရေဖြင့် ဧရိယာဧက၅၅၀၅၆၀ ပါဝင်ကြောင်း၊ ထိုနည်းတူ နွေစပါးတွင်လည်း ဧရိယာဧက ၂၄၀၁၀၀စိုက်ပျိုးခဲ့ပြီး ယင်းတို့အနက် ဆည်၊ ကန်ရေဖြင့် ၂၁၄၉၁၀ဧက ပါဝင်ကြောင်း။

ရေရရှိမှုသေချာ

ဤအခြေအနေများကိုကြည့်ခြင်းအားဖြင့် မန္တလေးတိုင်းအတွင်း မိုးစပါး၊ နွေစပါးစိုက်ပျိုးရာတွင် ဆည်၊ ကန်များသည် အဓိကအရေးကြီးသည့် ကဏ္ဍက ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဆည်၊ကန်များကို တိုးချဲ့ တည်ဆောက်ပေးခြင်းအားဖြင့် မန္တလေးတိုင်းကဲ့သို့ မိုးနည်းရေရှားဒေသသည် ရေရရှိမှုသေချာလာပြီး စိုက်ဧကများ တိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် ယခုအခါ မန္တလေးတိုင်းအတွင်း ဆည်၊ ကန်ရေလှောင်တမံစီမံကိန်းများ၊ မိတ္ထီလာလွင်ပြင် ရေရရှိရေးကဲ့သို့သော စီမံကိန်းများ၊ ကန်ပြုပြင်ခြင်းလုပ်ငန်းများ၊ မြောင်းပြုပြင်ခြင်းလုပ်ငန်းများကို စီမံချက်များရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း၊ ဤသို့ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဆည်ရေသောက်ဧရိယာများသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်စိုက်ပျိုးလာနိုင်ခဲ့ကြောင်းကို တွေ့ရှိရကြောင်း၊ ဆက်လက်ပြီးလည်း ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မန္တလေးတိုင်းအတွင်း ၂၀၀၇-၂၀၀၈ခုနှစ်တွင် စိုက်ပျိုးမည့် မိုးစပါး ၁၀၀၂၁၉၆ဧကအနက်မှ ဆည်၊ကန်များဖြင့် ၅၅၀၈၆၁ဧကကို ရေပေးသွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

တိုးချဲ့စိုက်ပျိုး

မန္တလေးတိုင်း၏ ဒေသဝမ်းစာဖူလုံရေးအတွက် စပါး ပိုမိုတိုးချဲ့စိုက်ပျိုးရန်လိုအပ်လျက်ရှိကြောင်း၊ ယင်းသို့ စပါးပိုမိုစိုက်ပျိုးနိုင်ရေးအတွက် ရေရရှိရေးသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်းနှင့် ယနေ့ မာလဲနတ်တောင်ရေလှောင်တမံပေါ်ထွက်လာခြင်းသည် လယ်ယာကဏ္ဍပိုမို မြင့်မားစေနိုင်သည့် အကျိုးရရှိမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာ၌ နိုင်ငံတော်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသနေသူများဖြစ်ကြပြီး၊ အများစုသည်လည်း စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးကြသူများဖြစ်ကြကြောင်း၊ စိုက်ပျိုးထုတ်လုပ် တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးခြင်းသည် နိုင်ငံသားများ၏ စီးပွားရေးကို အထောက်အကူပြုနိုင်ရုံသာမက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူဖြစ်စေကြောင်း။

တပ်မတော်အစိုးရ နိုင်ငံတော်ကို စတင်တာဝန်ယူခဲ့သည့် ၁၉၈၈-၈၉ ခုနှစ်အချိန်က တစ်နိုင်ငံလုံး၌ ဆည်ရေလှောင်တမံပေါင်း ၁၃၈ခုသာ ရေသွင်းစိုက်ပျိုးနိုင်သော လယ်မြေဧက ၂ဒသမ၅သန်းသာရှိကြောင်း၊ ယခုအချိန်တွင် ဆည်ရေလှောင်တမံလုပ်ငန်းပေါင်း ၂၀၁ခုနှင့် မြစ်ရေတင်စီမံကိန်း ၃၀၅ခု၊ မြေအောက်ရေတွင်းပေါင်း ၇၅၆၉ခုကို တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ဆည်ရေသောက်လယ်မြေဧက ခြောက်သန်းခန့်အထိ တိုးတက်ဖြစ်ပေါ်လာပြီဖြစ်ကြောင်း၊ သီးနှံများရေသွင်းစိုက်ပျိုးနိုင်သည့် ဧရိယာသည် ၁၉၈၈-၈၉ ခုနှစ်က အသားတင်စိုက်ဧကသည် ၁၉ ဒသမ ၉သန်းပေါ်တွင် ၁၂ ဒသမ ၆ ရာခိုင်နှုန်းသာရှိခဲ့ရာက ယခုအချိန်တွင် အသားတင်စိုက်ဧက ၃၁ ဒသမ ၀၇ သန်းထိ တိုးတက်လာမှုအပေါ် ၁၉ ဒသမ ၀၂ ရာခိုင်နှုန်းအထိ တိုးတက်လာပြီဖြစ်ကြောင်း။

ဤဒေသသည် နှစ်စဉ် ပျမ်းမျှမိုးရေချိန် ၄၃ ဒသမ ၆ လက်မသာ ရရှိသည့် မိုးနည်းပါးရာ အညာဒေသဖြစ်ကြောင်း၊ မိုးကာလတွင် တောင်စိုက်ပျိုးရေအလုံအလောက်ရရှိရန် မသေချာသောဒေသဖြစ်၍ ဒေသနေ တောင်သူများ

လယ်ယာစိုက် ပျိုး ရေးနှင့် ဆည် မြောင်း ဝန်ကြီး ဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး မာလဲနတ်တောင် ရေလှောင် တ မံ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အနေဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်စွမ်းရှိသမျှ ဆောင်ရွက်ခြင်းမပြုနိုင်ခဲ့ကြောင်း၊ ယခု မာလဲနတ်တောင် ရေလှောင်တမံကို တည်ဆောက်ပေးလိုက်နိုင်ပြီဖြစ်သည့်အတွက် လိုအပ်သောစိုက်ပျိုးရေကို တိုးတက်ရရှိလာပြီဖြစ်သည့်အတွက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေမည်ဖြစ်ကြောင်း။

ယင်းသို့ ဆောင်ရွက်ပေးနိုင်သည့်အတွက် စဉ့်ကူးမြို့နယ်အတွင်းမှ ကျေးရွာအုပ်စု ကိုးအုပ်စုက စိုက်ပျိုးမြေဧက ၁၀၀၀၀ကို ဆည်ရေပေးဝေနိုင်တော့မည်ဖြစ်သကဲ့သို့ ဒေသစိမ်းလန်းစိုပြည်ရေး၊ သောက်သုံးရေ ရရှိရေးတို့ကိုပါ အထောက်အကူပြုလာတော့မည်ဖြစ်ကြောင်း၊ ဒေသအတွင်း ကျေးရွာများ အနေဖြင့် ယခင်က စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံတို့ကို ပထမသီးနှံအဖြစ် ဧက ၁၀၀၀၀ စိုက်ပျိုးပြီး နွေစပါးအနည်းငယ်နှင့် ပဲမျိုးစုံကို ဒုတိယသီးနှံသီးထပ် အဖြစ်ဖြင့် ဧက ၂၂၀၀ခန့်သာ စိုက်နိုင်ကြကြောင်း၊ သီးနှံစိုက်စွမ်းအားသည် ရေရရှိမှုအခြေအနေကြောင့် ၁၂၂ရာခိုင်နှုန်းမျှသာရှိကြောင်း၊ ယခု ရေလှောင်တမံ၏ ဆည်ရေဖြင့်စိုက်ပျိုးနေကြ ပထမသီးနှံများကို ဧက ၁၀၀၀၀ စိုက်ပျိုးနိုင်ကြမည့်အပြင် ဒုတိယသီးနှံအဖြစ် နွေစပါးနှင့် ပဲမျိုးစုံ၊ ထပ်မံပြီး တတိယတစ်သီးအဖြစ် စပါးကို စိုက်ပျိုးနိုင်မည်ဖြစ်သည့်အတွက် သီးထပ်စိုက်ဧက နှစ်ဆတိုးပြီး ဧက ၄၄၀၀ ခန့် တိုးတက်စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း၊ သီးနှံစိုက်စွမ်းအားလည်း ၁၄၄ ရာခိုင်နှုန်းအထိ တိုးတက်မည်ဖြစ်ခြင်းကြောင့် ဒေသနေပြည်သူများ၏ လူမှုရေး၊ စီးပွားရေးများလည်း တိုးတက်လာတော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်ကငွေကျပ် ၅၇၂၄သန်းကျော် အကုန်အကျခံပြီး ဒေသနေ တောင်သူလယ်သမားနှင့် ပြည်သူများ အကျိုးစီးပွားတိုးတက်လာရအောင် မိမိတို့ပြည်တွင်းကိုယ်ပိုင်စွမ်းအားဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မာလဲနတ်တောင်ရေလှောင်တမံ တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအား ကျေးဇူးတင်ရှိပါကြောင်းကို ဒေသခံပြည်သူများကိုယ်စား စဉ့်ကူးမြို့နယ်မှ ဦးခင်မောင်ဝင်းက ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး မာလဲနတ်တောင်ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ရှေ့၌ နေရာယူကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မာလဲနတ်တောင်ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က မာလဲနတ်တောင် ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့်ပက်ဖျန်းပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မာလဲနတ်တောင် ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များ၊ ရေလှောင်တမံတည်ဆောက်ခဲ့ကြသည့် အင်ဂျင်နီယာများနှင့်အတူ ရေလှောင်တမံဖွင့်ပွဲအထိမ်းအမှတ် မင်္ဂလာမှတ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မာလဲနတ်တောင် ရေလှောင်တမံ ရေထိန်းမျှော်စင်၊ ရေထုတ်ပြွန်၊ ရေပေးတူးမြောင်းနှင့် မြေသားတမံတစ်လျှောက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဝိုင်းဝန်းထိန်းသိမ်း

ယင်းနောက် မာလဲနတ်တောင် ရေလှောင်တမံစီမံကိန်းရှင်းလင်းဆောင်၌ မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက မာလဲနတ်တောင် ရေလှောင်တမံ တည်ဆောက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က ဌာနဆိုင်ရာ တာဝန်ရှိသူများအား စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ရေလှောင်တမံ ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် မှာကြားကြသည်။

ယနေ့ ဖွင့်လှစ်လိုက်သော မာလဲနတ်တောင်ရေလှောင်တမံသည် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့၏ အရှေ့မြောက်ဘက် ၈မိုင်ခန့်အကွာ မာလဲရွာအနီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ၆၅၀၀၀ ဧကပေရှိသည့် မာလဲနတ်တောင် ချောင်းပေါ်၌တည်ရှိပြီး၊ မြေသားတမံ၏ အမြင့်မှာ ၇၂ပေ၊ တမံအလျားမှာ ပေ ၁၁၈၅၀ ရှိသည်။ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၅၇၄၇၀ရှိသည်။ ရေထုတ်ပြွန်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်၍ လက်ယာရေထုတ်ပြွန် ၆ ပေ x၄ပေ တစ်ပေါက်နှင့် လက်ဝဲရေထုတ်ပြွန် သုံးပေအချင်းတစ်ပေါက်ပါရှိပြီး ရေထုတ်ပြွန်အလျားသည် လက်ယာဘက်တွင် ၂၂၁ပေ၊ လက်ဝဲဘက်တွင် ၂၅၁ ပေရှိသည်။ ရေပိုလွှဲမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အကျယ်ပေ ၁၀၀၊ အလျားပေ ၁၄၅၀ ရှိသည်။

အထောက်အကူပြု

ဆည်ရေသောက်စနစ် တူးမြောင်းမကြီးသည့် လက်ယာတူးမြောင်း ၁၀ မိုင်နှင့် လက်ဝဲတူးမြောင်း ငါးမိုင်ရှိသည်။ တူးမြောင်းအဆောက်အအုံ စုစုပေါင်း ၁၃၄ခုပါရှိပြီး ဆည်ရေပေးဝေနိုင်မည့် ဧရိယာမှာ ဧက၁၀၀၀၀ ဖြစ်သည်။ မာလဲနတ်တောင်ရေလှောင်တမံ လက်ဝဲရေထိန်းမျှော်စင် ရေထုတ်ပြွန်၊ လက်ဝဲတူးမြောင်းမှ ဆည်ရေဧက ၄၀၀ နှင့် လက်ယာရေထိန်းမျှော်စင်၊ ရေထုတ်ပြွန်၊ လက်ယာတူးမြောင်းမှ ဆည်ရေဧက ပေ ၁၄၀၀ ဝေလျက် မိုးစပါးဧက ၁၈၀၀ စိုက်ပျိုးဆဲဖြစ်သည်။ ရေပေးမြောင်းရှိ ရေကျနေရာများမှ အသေးစား ရေအားလျှပ်စစ် (3KV) နှစ်နေရာထုတ်လုပ်၍ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ထားသည်။ မာလဲနတ်တောင်ရေလှောင်တမံသည် သီးထပ်သီးနှံစိုက်ပျိုးရေးအတွက်သာမက ဒေသစိမ်းလန်းစိုပြည်ရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စဥ့်ကူးမြို့နယ်၌ ဆည်ရေသောက်ဧရိယာဧကတစ်သောင်း သီးထပ်စိုက်ပျိုးနိုင် ဆည်ရေပေးဝေခြင်းဖြင့် ဒေသစိမ်းလန်းစိုပြည်ပြီး သောက်သုံးရေဖူလုံလာမည်

* ကျော်ဖုံးမှ

တွေ့ဆုံမေးမြန်း

မာလဲနတ်တောင် ရေလှောင်တမံ အချိန်မီဖွင့်လှစ်နိုင်ရန်အတွက် အားသွန်ခွန်စိုက် တည်ဆောက်ခဲ့ကြသော မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မော်နှင့် ရေလှောင်တမံ တာဝန်ယူဆောင်ရွက်ခဲ့သော ဦးစီးအရာရှိ (မြို့ပြ) ဦးကြည်ပြုံးတို့အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းသည်။

မာလဲနတ်တောင် ရေလှောင်တမံဟု ခေါ်သည်မှာ မာလဲချောင်းနှင့် နတ်တောင်ချောင်းတို့ ဆုံသော မာလဲနတ်တောင်ချောင်းပေါ်တွင် တမံတည်ဆောက်ခြင်းကြောင့် မာလဲနတ်တောင်ရေလှောင်တမံဟု အမည်ပေးခြင်းဖြစ်သည်။ မာလဲနတ်တောင်ရေလှောင်တမံ၏ အလျားမှာ ပေ၁၁၈၅၀ ရှိပြီး ကန်ရေပြည့်လှောင်လျှင် ဧက ၅၇၄၇၀ ရှိသည်။

အရင်က သုံးနှစ်မှတစ်ကြိမ် မိုးကောင်းမှ စိုက်လို့ရပါတယ်၊ ဆည်ကြီး၊ တမံကြီး အောင်မြင်လို့ ၁၂လ လုံးလုံးစိုက်ပျိုးရတော့မှာ ဖြစ်ပါတယ်။

ဦးညွန့်မောင် (တောင်သူ)
နတ်တောင်ကျေးရွာ

သောက်သုံးရေဖူလုံ

မာလဲနတ်တောင် ရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် စဥ့်ကူးမြို့နယ်အတွင်းရှိ ဆည်ရေသောက် ဧရိယာတစ်သောင်းဧကကို သီးထပ်စိုက်ပျိုးနိုင်ပြီး သီးနှံဧရိယာဧက ၁၄၀၀၀ကို ဆည်ရေပေးနိုင်ခြင်း ဒေသစိမ်းလန်းစိုပြည်နိုင်ခြင်း၊ ဒေသအတွင်းသောက်သုံးရေဖူလုံနိုင်ခြင်းတို့ ဖြစ်ပေါ်လာမည်ဖြစ်သည်။

ဆက်လက်၍ နတ်တောင်ကျေးရွာမှ ဒေသခံလယ်သမားကြီး ဦးဆုသိန်းအားမေးမြန်းရာဦးဆုသိန်းက"ဆည်ကြီး တည်ဆောက်ပေးခြင်းအားဖြင့် ဒေသ

အရင်က မီးကို ဖယောင်းတိုင်ပဲ အားကိုးရတာ၊ ရေအားလျှပ်စစ်ပါ ရမယ်ဆိုတော့ ပိုပြီးဝမ်းသာပါတယ်။

ဦးအုံးရွှေ (မာလဲကျေးရွာအုပ်စု)

တွင် စိုက်ပျိုးဧက တစ်သောင်း တိုး၍ ရေပေးနိုင်မည်ဖြစ်ကြောင်း၊ နွေစပါး ယခင်က မစိုက်ဖူးပါ။ ယခုနွေစပါး စိုက်ရန် ရေရရှိသဖြင့် နွေရောမိုးပါ စိုက်နိုင်တော့မည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကြောင်း၊ ၁၂ ရာသီစိုက်ပျိုးနိုင်တော့မည်ဖြစ်၍ အများကြီးဝမ်းသာပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောသည်။

တစ်နှစ်ပတ်လုံးစိုက်နိုင်မည်

အလားတူ နတ်တောင်ကျေးရွာမှ တောင်သူ ဦးညွန့်မောင်အား တွေ့ဆုံမေးမြန်းရာတွင် "မိမိအသက်မှာ ၆၉ နှစ်ဖြစ်ပြီး တစ်သက်လုံးတောင်သူလုပ်ငန်းဖြင့် လုပ်ကိုင်စားသောက်နေရသူဖြစ်တယ်။ ယခင်က နွေစပါး စိုက်လို့ မရသောကြောင့် မစိုက်ခဲ့ကြောင်း၊ ရာသီဥတုမှာ ဤဒေသ၌ သုံးနှစ်မှတစ်ကြိမ် မိုးကောင်းသဖြင့် သုံးနှစ်မှတစ်ကြိမ် လယ်စိုက်နိုင်ကြောင်း၊ ယခုကဲ့သို့ ဆည်ရေပေးနိုင်၍ ရေရလျှင် နွေစပါးရော မိုးစပါးကိုပါ စိုက်ပျိုးမည်ဖြစ်ကြောင်း၊ တမံကြီး ပြီးမြောက် အောင်မြင်တာကြောင့် တစ်နှစ်ပတ်လုံး စိုက်ပျိုး၍လုပ်ကိုင်စားသောက်နိုင်တော့မည်ဖြစ်၍ ဝမ်းသာပါကြောင်း"ဖြင့် ပြောပြသည်။

ကျေးဇူးတင်

ဆက်လက်ပြီး နတ်တောင်ကျေးရွာမှ တောင်သူလယ်သူမကြီး ဒေါ်မြလေးအား တွေ့ဆုံမေးမြန်းရာ "မိမိတို့ဒေသတွင် သုံးနှစ်မှတစ်နှစ် လယ်လုပ်၍ ရပါကြောင်း၊ နှစ်နှစ်မှာ မိုးမရွာ၍ စိုက်ပျိုးနိုင်ခြင်းမရှိကြောင်း၊ ယခုအခါတွင် နတ်တောင် ရေလှောင်တမံကြီး တည်ဆောက်ပြီး ရေရသဖြင့် စိုက်နိုင်ပျိုးနိုင်တော့မည်ဖြစ်ရာ ကျွန်မတို့မိသားစု ဝမ်းသာနေကြရကြောင်း၊ မိသားစု လေးယောက်လုံး စိုက်ပျိုးလုပ်ကိုင်နိုင်တော့မည်ဖြစ်၍ နိုင်ငံတော်ကို ကျေးဇူးတင်နေကြပါကြောင်း"ဖြင့် ပြောကြားသည်။ ရေလှောင်တမံကြီး ပြီး၍ တစ်နှစ်သုံးသီး စိုက်ပျိုးရလျှင်လည်း လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

မိုးကိုမျှော်ပြီးကြည့်နေရတဲ့ ဘဝက လွတ်မြောက်လာပါပြီ၊ လမ်းပန်း ဆက်သွယ်ရေးလဲ လွယ်ကူကောင်းမွန်လာပါပြီ။

ဦးချစ်စံ (မာလဲကျေးရွာ)

စိုက်ဧကတိုး

ယင်းနောက် မာလဲကျေးရွာမှ တောင်သူကြီး ဦးချစ်စံအား တွေ့ဆုံမေးမြန်းရာတွင် "လယ် ငါးဧကစိုက်ကြောင်း၊ စိုက်ပျိုးရေရရှိမည်ဆိုလျှင် နောက်ထပ်စိုက်ဧက တိုးစိုက်မည်ဖြစ်ကြောင်း၊ မိမိတို့သည် မိုးပေါ်မော့ကြည့်နေရသူများဖြစ်ကြောင်း၊ ယခုအခါ ဆည်ကြီးမှ ရေရတော့မှာ သေချာသောကြောင့် ရွာသားများအားလုံး ဝမ်းသာနေကြကြောင်း၊ ဆည်ကြီးတည်ဆောက်လိုက်သည့်အတွက် လမ်းပန်းဆက်သွယ်ရေးမှအစ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး လုပ်ငန်းများ အဆင်ပြေလွယ်ကူနေကြောင်း၊ ယခုနေရာမှာ ဆည်ကြီး လာဆောက်မည်ကို အိပ်မက်တောင် မမက်ခဲ့ဖူးကြောင်း၊ ဒါကြောင့် နိုင်ငံတော်အပေါ် အတိုင်းမသိ ကျေးဇူးတင်ကြရပါကြောင်း"ဖြင့် ပြောသည်။

တောင်သူများအတွက် ပျိုးထောင်ရေကို စတင်ပေးနေပါပြီ၊ ဆက်လက်ပြီး စိုက်ပျိုးရေပေးဝေပါ့မယ်၊ ဧကပေ ၂၀၀၀ ကျော် ရေ လှောင် နိုင် ပါတော့မယ်။

ဦးကြည်ပြုံး
ဦးစီးအရာရှိ
(မြို့ပြ)

ယခုကစပြီး စပါးပါ စိုက်လို့ ရတော့မယ်ဆိုလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။

ဦးဆုသိန်း (တောင်သူ)
နတ်တောင်ကျေးရွာ

ဆည်ရေဖြင့်စိုက်

ထို့နောက် မာလဲကျေးရွာမှ တောင်သူ ဦးအုန်းရွှေအား တွေ့ဆုံမေးမြန်းရာ "အလုပ်အကိုင်မှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြောင်း၊ လယ်ယာ လုပ်ငန်းကို ငယ်စဥ်ကတည်းက ယခုအသက် ၆၅ နှစ်အထိ လုပ်ကိုင်ကြောင်း၊ စပါးကေ ကိုးဧက စိုက်ကြောင်း၊ မိုးလေဝသအခြေအနေအရ လုပ်ကိုင်ရသောကြောင့် မိုးလေဝသမကောင်းလျှင် လုပ်ငန်းမလုပ်နိုင်ဘဲ အခက်အခဲတွေ့ကြောင်း၊ ယခုလို ဆည်ကြီးကို နိုင်ငံတော်က တည်ဆောက်ပေးရာတွင် ဝန်ထမ်းများကလည်း ကြိုးကြိုးစားစား ဆောင်ရွက်ပေးကြ၍ ဆည်ရေ ရရှိလာတော့မည်ဖြစ်သဖြင့် လယ်ဧကတိုးစိုက်နိုင်တော့မည်ဖြစ်ကြောင်း၊ ဒါ့အပြင် ဆည်ရေဖြင့် ရေအားလျှပ်စစ် ထုတ်ပေးမည်ဟု ကြားရပါကြောင်း၊ ယခင်က ဖယောင်းတိုင်ဖြင့် နေခဲ့ကြရသောဘဝမှ လွတ်မြောက်တော့မည်ဖြစ်၍ နိုင်ငံတော်၏ ကျေးဇူးကြီးမားလှပါကြောင်း"ဖြင့် ပြောကြားသည်။

မြေ ၁၀ဧကမှာ လယ်ပါ လုပ်ရတော့မှာမို့ အထူးကျေးဇူး တင်ပါတယ်။

ဒေါ်မြလေး
(နတ်တောင်ကျေးရွာအုပ်စု)

ယင်းနောက် ကြို့ပင်ရွာမှ တက္ကသိုလ်ကျောင်းသူ မယဉ်ယဉ်မိုးအား တွေ့ဆုံမေးမြန်းရာတွင် ဆည်မဖောက်မီက ကျောင်းတက်ရာတွင် ရွာမှ လမ်းမကြီးရောက်အောင် နွားလှည်းဖြင့် သွားကြရကြောင်း၊ ကားလမ်းလဲ မရှိ၍ ကားလဲ မစီးနိုင်ဘဲ ကျောင်းတက်ခဲ့ရကြောင်း၊ ယခု အခါ ကားများသွားလာနေပြီဖြစ်၍ အချိန်မကုန်ဘဲ စာသင်ကြားနိုင်ကြပြီ ဖြစ်ကြောင်း မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။ ။

ယခု ဆည်ဆောက်လို့ ကားလမ်း ပေါ်လာတဲ့အတွက် လှည်းနဲ့ ကားလမ်းအထိ သွားစရာမလိုတော့ပါ။

မယဉ်ယဉ်မိုး (ကြို့ပင်ကျေးရွာ)
မန္တလေးတက္ကသိုလ်ကျောင်းသူ
(သမိုင်းအဓိက)

(မြန်မာ့အလင်း)

လက်ယာရေထုတ်မြောင်း

မာလဲနတ်တောင်ရေလှောင်တမံ၏ လက်ယာရေထုတ်မြောင်း။

ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်) (၂၇)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၃ရက်က စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းရှိ ဘီးလင်းတိုက်သစ်ကျောင်း၌ ကျင်းပရာ ၂၀၀၇ခုပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးငါးဘာသာဖြင့် အောင်မြင်သော မသရဖီလွင်အား ဘီးလင်းမြို့နယ်အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်စိုး(ငြိမ်း)က ဂုဏ်ပြုဆုချီးမြှင့်စဥ်။

(၁၂၉)

ဒဂုံပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏာနန္ဒအား အမှူးထား၍ ဝါကပ်တော်မူကြသော စာချ၊ စာသင် သံဃာတော်အပါး ၁၀၀ကျော်တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၃၀ရက် မွန်းလွဲ ၂နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည် သင်္ကန်းဒွိစုံတစ်စုံလျှင် ငွေကျပ် ၄၅၀၀နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် အကျိုးဆောင်အဖွဲ့ ဖုန်း-၀၁-၃၇၁၂၂၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဥ်)**

ဟိုတယ်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲရေးဖွံ့ဖြိုးမှုသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် ဟိုတယ်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုဖွံ့ဖြိုးရေး Middle Management Development Program သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်၂၂ရက် နံနက်က ရန်ကုန်မြို့ဗိုလ်ချုပ်လမ်းရှိ Central Hotel ၌ ကျင်းပရာ အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က အမှာစကားပြောကြားကြသည်။

ဖွင့်လှစ်

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံတစ်ဝန်းရှိ ဟိုတယ်များမှ မန်နေဂျာအဆင့်နှင့် ကြီးကြပ်သူအဆင့် သင်တန်းသားစုစုပေါင်း ၄၀ တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်း၏ရည်ရွယ်ချက်မှာ ယနေ့ မြန်မာနိုင်ငံဟိုတယ်များတွင် အထူးလိုအပ်နေသော အရည်အချင်းပြည့်ဝသည့် မန်နေဂျာမျိုးဆက်သစ်များ မွေးထုတ်ပေးရန်နှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်ကြောင်းသိရသည်။**(က-ပ)**

STI Education ၏ အလုပ်ရုံဆွေးနွေးပွဲ

ရန်ကုန် ဇူလိုင် ၂၃

STI Education ၏သင်ကြားရေး ဆိုင်ရာသင်ရိုးညွှန်းတမ်း ဒီဇိုင်းနှင့် ယင်း၏ ဖွဲ့စည်းတည်ဆောက်ပုံ ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၈ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲ တွင် ဦးဆောင်ဆွေးနွေးမည့်သူမှာ Planning & Preparing a Course စာအုပ်ကို ပြုစုရေးသားသူ Mr. David Stevens ဖြစ်ပြီး ယင်းစာအုပ်သည် အာရှ၊ ဥရောပနှင့် ကနေဒါတို့တွင် လူကြိုက်များသည်။

Mr. David Stevens သည် Learning Facilitator နှင့် Instructional Designer အဖြစ် ကမ္ဘာအနှံ့ အသက်မွေးဝမ်းကျောင်းပြုလျက်ရှိပြီး Singapore Poly Technic တွင် Instructional Design Consultant အဖြစ်လည်းကောင်း၊ Alberta (Canada) Government Agency ၏ Consultant အဖြစ်လည်းကောင်း၊ Singapore Workforce Development Agency Singapore Training and Development Association နှင့် National Institute of Technical Engineering College တို့တွင် Project များကို လည်းကောင်း လုပ်ကိုင်နေသူဖြစ်သည်။

ကြိုတင်စာရင်းပေးသွင်းနိုင်

အလုပ်ရုံဆွေးနွေးပွဲ တွင် နိုင်ငံတကာအသိအမှတ်ပြု အင်္ဂလိပ်ဘာသာဆရာဖြစ်သင်တန်းများ ဖြစ်သည့် Doploma in Tesol Certificate in Tefl နှင့် Course Material Design and Development ကို အဓိကထား ဆွေးနွေးမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်းနှင့် ဆက်သွယ်ရန်လိပ်စာမှာ STI Education လှိုင်တက္ကသိုလ်နယ်မြေ မြန်မာအင်ဖိုတက် အဆောင် (၇) အခန်း(၃)နှင့် အဆောင် (၄) အခန်း(၇) ဖုန်း- ၅၀၇၀၄၆၊ ၅၀၇၁၅၁နှင့် ၅၀၇၁၅၂ တို့ဖြစ်ပြီး ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဥ်)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိ အဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

● ကျောဖုံးမှ

တက်ရောက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲ မှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီ၊ မြို(ခေါ်) ခမိအမျိုးသား ညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ (၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ (၂)၊ ကယားပြည်နယ် အထူးဒေသ (၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး)အဖွဲ့၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ(KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး (DKBA)၊ ဟောင်သရောအထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည် ကွန်မြူနစ်ပါတီ (ရခိုင်အဖွဲ့)၊ ရခိုင်တပ်မတော်(AA) အဖွဲ့၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး (MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)နှင့်မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌစာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲ မှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံစုံညီ အစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့တက်ရောက်ကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

သဘာပတိ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးတင်ခက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီမှ ဦးမျိုးသန့် (မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်ကြီး၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှဦးမောင်လှ (ခေါ်) ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကံညွန့်၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာ မောင်မောင်ဝင့်နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာ မနန်းတူးဂျာတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အခမ်းအနားမှူး အဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၁ ဦးရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၅၇ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၉ ရာခိုင်နှုန်းရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရအမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ဖတ်ကြားတင်ပြ

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်း အခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက် စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေးအလုပ်ကျသဘာပတိအဖွဲ့က အမျိုးသား ညီလာခံ စုံညီအစည်းအဝေးသို့ ကောက်နုတ်စုစည်း တင်ပြကြရာ ရှေးဦးစွာ အလုပ်ကျသဘာပတိ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးတင်ခက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဖတ်ကြား တင်ပြသည်။

(ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ် စုစည်းချက်များကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက် စာတမ်းများကို အမျိုးသားညီလာခံစုံညီ အစည်းအဝေးအလုပ်ကျသဘာပတိအဖွဲ့ဝင်၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာ မနန်းတူးဂျာက နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ် စုစည်းချက်များကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၉ နာရီ မိနစ် ၅၀ တွင် ခေတ္တရပ်နားသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၅မိနစ်တွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံစုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီမှ ဦးမျိုးသန့်(မောင်ဆုရှင်)က နိုင်ငံတော်အလံ၊ အထိမ်းအမှတ် တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်း ချက်များကို ဆက်လက် ဖတ်ကြားတင်ပြသည်။

(နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းနှင့်စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက် စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ် (ခေါ်) ဦးဖီးလစ်ဆမ်နှင့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီးတို့က ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို အသီးသီး ဆက်လက်ဖတ်ကြားတင်ပြကြသည်။

(ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ် စုစည်းချက်များကို ဆက်လက်ဖော်ပြပါမည်။)

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁နာရီ ၅မိနစ်တွင် ခေတ္တရပ်နားသည်။

ဆက်လက်ဖတ်ကြား

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံစုံညီ အစည်းအဝေး အလုပ်ကျသဘာပတိ အဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်နှင့်တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကံညွန့်တို့က အထွေထွေပြဋ္ဌာန်းချက်များ အခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို အသီးသီးဆက်လက် ဖတ်ကြားတင်ပြကြသည်။

(အထွေထွေပြဋ္ဌာန်းချက်များအခန်းနှင့်စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဆက်လက်ဖော်ပြပါမည်။)

ယင်းနောက် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ သက်တော်(၁၀၃)နှစ်ပြည့် မွေးနေ့ပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သံဝရ(ချမ်းမြအောင်စည်) ဆရာတော်ကြီး အမှူးပြုသော ဝါဆိုသံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့)ဇူလိုင် ၂၉ ရက် (တနင်္ဂနွေနေ့)နံနက် ၇ နာရီတွင် ဖလ်ယဉ်မွှာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။

၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက် (ဩဂုတ် ၈ ရက်) ညနေ ၅ နာရီအချိန်၌ ရွှေတိဂုံစေတီတော်ကြီးတွင် အနန္တ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်တို့ကို ရည်စူး၍ ညလုံးပေါက်မီးပူဇော်ခြင်းနှင့် ပန်း၊ ဆီမီး၊ ရေချမ်းများကို ဆက်ကပ် လှူဒါန်းပူဇော်မည်ဖြစ်၍ အလှူရှင်များအနေဖြင့် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့များတွင် လှူဒါန်းဖွယ်ပစ္စည်းများကို လာရောက်လှူဒါန်းကြရန် ဖိတ်ကြားနိူးဆော်ထားသည်။ **(က-ပ)**

ဘိုးဘွားအမွေ တိုးပွားစေ

* **နိုင်ငံတကာ၊ မျက်နှာစာ၌**
ခိုင်မာတည်တံ့၊ အရှည်ခံ၍
ကျော်နံ့ဂုဏ်ရှိန်၊ ဘုန်းရောင်ထိန်လျက်
တည်ငြိမ်ချမ်းအေး၊ စည်သာရေးသို့
တွေးဆမျှော်ရည်၊ မူသစ်တည်မည့်
“ပြည်ထောင်စု မပြိုကွဲရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး”
အရေးသုံးပါး၊ ဦးထိပ်ထားပြီး
နိုးကြားထက်သန်၊ ဇာတိမာန်နှင့်
နိုင်ငံကောင်းကျိုး၊ ဆောင်သယ်ပိုးသည်
အမျိုးသားညီလာခံသဘင်တည်း။

* **ညီလာသဘင်၊ ကြည်သာရွှင်လျက်**
တိုင်ပင်ဆွေးနွေး၊ အကြံပေးကာ
အလေးအမြတ်၊ မူချမှတ်၍
ဆုံးဖြတ်ထောက်ခံ၊ အားပေးသံဖြင့်
နိုင်ငံတော်ကြီး၊ ရှေ့ခရီး၌
စည်းကမ်းပြည့်မီ၊ ခေတ်နှင့်ညီသည့်
ဒီမိုကရေစီ၊ နိုင်ငံဆီသို့
ဦးတည်ဖော်ဆောင်နေပြီတည်း။

* **ဒီမိုကရေစီ၊ နိုင်ငံဆီသို့**
ဦးတည်ဆောင်ရွက်၊ တစ်ခဲနက်တည့်
ဘက်စုံထောင့်စုံ၊ ကဏ္ဍစုံ၌
စုံစေ့နံ့စပ်၊ ကြားမလပ်အောင်
အထပ်ထပ်လျှင်၊ ကြောင်းကျိုးယှဉ်လျက်
အမြင်ချင်းညှိ၊ အသိချင်းဖလှယ်
ဆက်နွယ်နီးနော၊ သဘောထားညီ
အတည်ပြုပြီး၊ ကျင့်ဝတ်နည်းနှင့်
ဖွဲ့စည်းပုံသစ်၊ မော်ကွန်းသစ်ကို
အုတ်မြစ်ခိုင်ခိုင်၊ တည်ဆောက်နိုင်ပြီ
ဒို့ပိုင်နက်မြေ၊ ဘိုးဘွားအမွေ။
ပြည်ထောင်စုစိတ် နိုးကြားမသေ့။
လက်ဆင့်ကမ်းလို့ တိုးပွားစေ။ ။

ရေနံ့သာ မောင်ကျော်ညွန့်

သဘာဝတောများကို ရော်ဘာတောများအဖြစ် ပြောင်းလဲအောင် ဆောင်ရွက် ဇီဝဒီဇယ်ဆီရရှိရေး ခြစ်စည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး အထူးအာရုံစိုက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မုဒုံမြို့နယ် ရေတော် မိုးတော် မိုးစပါး ထွန်တုံးပိတ်ပွဲကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၃

မွန်ပြည်နယ် မော်လမြိုင်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင် မုဒုံမြို့နယ် ကော့ခိုက်ကျေးရွာအနီးရှိ မုဒုံမြို့နယ် ခြစ်စည်းရိုးကြက်ဆူပင်စံပြစိုက်ခင်း ငါးဧက၌ ခြစ်စည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သံဖြူဇရပ်မြို့ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းခရမ်းရော်ဘာစက်ရုံ (သံဖြူဇရပ်)သို့ရောက်ရှိကြရာ စက်ရုံ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များအား စက်ရုံမန်နေဂျာဦးစိုးနိုင်က စက်ရုံနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဒေသတွင်း ရော်ဘာစိုက်တောင်သူများထံမှ ရော်ဘာကုန်ကြမ်းဝယ်ယူရရှိအောင် စည်းရုံးဆောင်ရွက်ရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားအောင်ဆောင်ရွက်ရေးတို့ကို မှာကြားပြီး စက်ရုံအတွင်း၌ ရော်ဘာကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဒေသဖွံ့ဖြိုးရေးမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည်သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာခန်းမ၌ သံဖြူဇရပ်တပ်နယ်နှင့် ရေးတပ်နယ်တို့မှ တပ်မတော် အရာရှိများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ရေးတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအတွက် ထောက်ပံ့ငွေနှင့် အဝတ်အထည်များကို ရေးတပ်နယ်မှ ဗိုလ်မှူးချုပ် ချို့ထွန်းအောင်သို့ လည်းကောင်း၊ သံဖြူဇရပ်တပ်နယ်မှ တပ်မတော်သားများနှင့်မိသားစုဝင်များအတွက်ထောက်ပံ့ငွေနှင့် အဝတ်အထည်များကို တာဝန်ရှိသူများသို့လည်းကောင်း ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြားသီးနှံစိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ သံဖြူဇရပ်မြို့မှ မုဒုံမြို့နယ်ဒိုင်လုံကျေးရွာအုပ်စု လက်တက်ကျေးရွာရှိ တောင်သူ ဦးထွန်းခင်၏ ရော်ဘာစိုက်ပျိုးခင်း၌ ကြားသီးနှံ စိုက်ခင်း ၅ ဒသမ ၂၆ ဧကသို့ ရောက်ရှိကြရာ ယာယီရှင်းလင်းဆောင်၌ မွန်ပြည်နယ် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမန်နေဂျာ ဦးဝင်းမြင့်က မွန်ပြည်နယ်၏ ရော်ဘာစိုက်ပျိုးမှု အခြေအနေ၊ ရော်ဘာတန်းကြား ကြားသီးနှံစိုက်ပျိုးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြ၍ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ရော်ဘာကို စိုက်နိုင်သော မြေနေရာတိုင်း၌ တိုးချဲ့စိုက်ပျိုးရေး၊ တန်ဖိုးနည်းသော သဘာဝတောများကို ရော်ဘာတောများအဖြစ် ပြောင်းလဲ၍ ဝင်ငွေတိုးတက်အောင် ဆောင်ရွက်ရေး မှာကြားပြီး ရော်ဘာစိုက်တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ တောင်သူ ဦးထွန်းခင်၏ရော်ဘာပင်တန်းကြား ကြားသီးနှံစိုက်ခင်း၌ တိုင်ထောင်ပဲ၊ ကန်စွန်းဥနှင့် ပြောင်းဖူးပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် တော်ကူးကျေးရွာ၌ ကျင်းပသော မုဒုံမြို့နယ် ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲ အခမ်းအနားသို့ ရောက်ရှိကြပြီး တောင်သူ ဦးထွန်းသောင်၏ ဆင်းသွယ်လတ်မျိုးစပါးတစ်ဧက စိုက်ခင်း၌ ကောက်စိုက်လုံမေများ ကောက်စိုက်နေမှုကို ကြည့်ရှုအားပေးပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ကောက်စိုက်လုံမေအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ထွန်တုံးပိတ်ပွဲ အခမ်းအနား၌ ခင်းကျင်းပြသထားသော စက်မှုလယ်ယာဦးစီးဌာန၏ လယ်ယာ(၂၂)ထွန်စက်နှင့် အရန်ပစ္စည်းများပြခန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ စိုက်ပျိုးရေးနည်းပညာပေးပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မုဒုံမြို့နယ် ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲ အခမ်းအနားကို ကျင်းပရာ ရေးဦးစွာ မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က မုဒုံမြို့နယ်၏ ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်သိမ်းနိုင်မှု အခြေအနေ၊ တော်ကူးကျေးရွာ၏ မိုးစပါး ၄၉၉၃ ဧက အနက် ၃၉၁၉ ဧကစိုက်ပျိုးပြီးစီးမှုနှင့် ကျန်ရှိသည်များကို ဆက်လက်စိုက်ပျိုးသွားမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

ယင်းနောက် မုဒုံမြို့နယ်၏ ရေတော် မိုးတော် မိုးစပါး အစောဆုံး ထွန်တုံးပိတ်ခဲ့သော ကျေးရွာများအား ဆုချီးမြှင့်ခြင်း အစီအစဉ်ကို ကျင်းပရာ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုက ပထမဆုရ တော်ကူးကျေးရွာ၊ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ဒုတိယဆုရ ကော့ပရံ ကျေးရွာနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးလှကြီးက တတိယဆုရ တာပသွန်ကျေးရွာတို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ၂၀၀၇-၂၀၀၈ ခုနှစ် မွန်ပြည်နယ်တွင် မိုးစပါး ၁၀ သိန်း ရှစ်ထောင်ကျော်၊ ပြည့်မီအောင် စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ ၂၀၀၆-၂၀၀၇ ယခင်နှစ်က မိုးစပါး ကိုးသိန်းခုနစ်သောင်းကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ၁၀သိန်း ရှစ်ထောင်ကျော် ပြည့်မီအောင် သုံးသောင်း သုံးထောင်ကျော် ပိုမိုစိုက်ပျိုးရန် လိုအပ်မည်ဖြစ်ကြောင်း။

သီးနှံစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းမီအောင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းက ချမှတ်ထားသည့် နည်းလမ်းလေးသွယ်အတိုင်း ဆောင်ရွက်သွားမည်ဆိုလျှင် မျှော်မှန်းသည့် ပန်းတိုင်အထွက်နှုန်းရရှိလာမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် မိမိစိုက်ပျိုးထားသည့် သီးနှံအပေါ် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ကြိုးစားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စပါးစိုက်လျှင် တင်း ၁၀၀၊ မြေပဲစိုက်လျှင် တင်း ၅၀၊ နေကြာစိုက်လျှင် တင်း ၅၀၊ နှမ်းစိုက်လျှင် တင်း ၂၀ ထွက်သကဲ့သို့ ပဲမျိုးစုံဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်း၊ ဗိုလ်ကိတ်ပဲတို့စိုက်လျှင် တင်း ၂၀၊ ပဲစင်းငုံစိုက်လျှင် ၂၅ တင်းထွက်ရမည် ဖြစ်ကြောင်း။

ဤသို့ ပန်းတိုင်အထွက်နှုန်း နည်းလမ်းလေးသွယ်နှင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ တောင်သူများအနေဖြင့် မိမိတို့မျှော်မှန်းသည့် ပန်းတိုင်အထွက်နှုန်းကို ရရှိမည်ဖြစ်ကြောင်း၊ မုဒုံမြို့နယ်အနေဖြင့် မိုးစပါး ၁၀၉၂၂၇ ဧက ပြည့်မီရေးအတွက် တစ်မိုးနှစ်သီး ၂၂၆၆၃ ဧကကို ဒုတိယမိုးစပါးအဖြစ် စိုက်ပျိုးကြရမည်ဖြစ်ကြောင်း။

အထွက်ကောင်းသည့် မျိုးကောင်းမျိုးသန့်ဆိုသည်မှာ တောင်သူများသိပြီးဖြစ်ကြောင်း၊ မျိုးတစ်မျိုးကို သုံးနှစ်ထက်ပို၍ဆက်တိုက်မစိုက်သင့်ကြောင်း၊ မျိုးဟောင်းကို လဲလှယ်ပြီး အခြားအထွက်ကောင်းသည့် မျိုးသစ်တစ်မျိုးမျိုးကို ပြောင်းလဲစိုက်သင့်ကြောင်း၊ ယခု မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက အထွက်ကောင်းသည့် စားသုံးမှုကောင်းသည့် သက်လျင်စပါးမျိုးသစ်များကို ဖြန့်ဖြူးပေးလျက်ရှိကြောင်း။

တောင်သူများ အနေဖြင့်လည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးပြီး မျိုးပွားသင့်ကြောင်း၊ မိမိလက်ရှိမျိုးများကို ဆက်ပြီးစိုက်မည်ဆိုလျှင်ခေါင်နှံများရွေးချယ်ပြီး ပျိုးထားခြင်းဖြင့် တောင်သူကိုယ်တိုင် မျိုးသန့်ရွေးချယ်ပြီးဖြစ်ကြောင်း။

လိုက်နာကျင့်သုံး

စိုက်စနစ်မှန်ကန်ရန်ဆိုလျှင် စပါးမျိုးအလိုက် စိုက်သင့်သောကောက်ကွက်၊ ပျိုးပင်သက်တမ်းများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ နည်းစနစ်များအတိုင်း လိုက်နာကျင့်သုံးကြရန် လိုမည်ဖြစ်ကြောင်း။

ဒေသထွက် သဘာဝမြေသြဇာမြေဆွေးနှင့် ဓာတ်မြေသြဇာကို ရောစပ်အသုံးပြုမည်ဆိုလျှင် ဓာတ်မြေသြဇာ လေလွင့်ဆုံးရှုံးမှုကို သက်သာစေမည်ဖြစ်သကဲ့သို့ ကုန်ကျစရိတ်သက်သာမည်ဖြစ်ကြောင်း၊ စပါးတစ်ဧကကို ယူရီးယား (ပုလဲ) တစ်အိတ်နှင့်မြေဆွေး သုံးအိတ်၊ အချိုးနှင့်ပြောလျှင် **တစ်အချိုးသုံး** ရောစပ်ပြီး တစ်ညသိပ်နှပ်ပြီး၊ အပေါ်မှ တစ်ခုခုဖြင့် ဖုံးအုပ်ကာ နောက်နေ့ နံနက်ပိုင်းသို့မဟုတ် ညနေပိုင်းတွင် ကြဲပတ်ပေးပါက အလေအလွင့်သက်သာစေမည်ဖြစ်ကြောင်း။

ယခုအချက်များသည် ပန်းတိုင်အထွက်နှုန်းရရှိရန် နည်းလမ်းများဆိုသော်လည်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိဝန်ထမ်းများဖြင့် ပို၍ အသေးစိတ်ကျသောနည်းပညာ ဆွေးနွေးပို့ချချက်များနှင့်စိုက်ပျိုးရေးဆိုင်ရာ စာစောင်များထဲမှသတင်းဆောင်းပါးများကို ဖတ်ရှု၍ လက်ခံကျင့်သုံးရန်လိုကြောင်း။

မိုးစပါးစိုက်ဧက ပြည့်မီရေး၊ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာများ တိုးချဲ့စိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးတို့အတွက် ကြိုးစားဆောင်ရွက်သွားရန် မှာလိုကြောင်း။

ကြိုးစားဆောင်ရွက်

ထို့အပြင် သဘာဝတွင်းထွက်လောင်စာ အစားထိုးနိုင်ရန် ဇီဝဒီဇယ်ရရှိရေးအတွက် ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း အထူးအာရုံစိုက်ပြီး မိမိကျေးရွာ၊ မိမိမြို့နယ်လျာထားစိုက်ဧက ပြည့်မီရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရန်တိုက်တွန်းမှာကြားလိုကြောင်း။

စိုက်ပျိုးထားပြီးဖြစ်သော ခြစ်စည်းရိုး ကြက်ဆူပင်များကိုလည်း တစ်ဧကအထွက်နှုန်းမြင့်မားတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ချမှတ်ထားသော နည်းစနစ်အတိုင်း ပြုစုသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုအချိန်အခါ ရာသီသည် စပါးသီးနှံ၊ ကြက်ဆူသီးနှံ အချိန်မီအခါမီ စိုက်ပျိုးသည့် ရာသီဖြစ်သကဲ့သို့ နှစ်ရှည်သီးနှံဖြစ်သော ရော်ဘာစိုက်ပျိုးရေးကိုလည်း ဧကပြည့်မီရေးအတွက် အချိန်နှင့်တစ်ပြေးညီ ကြိုးစားဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။ ရော်ဘာစိုက်ရန် မြေရရှိသည့် ရော်ဘာစိုက် တောင်သူများ သတ်မှတ်ဧကပြည့်မီအောင် အချိန်မီ ရော်ဘာစိုက်ပျိုးရန် လိုအပ်မည်ဖြစ်ကြောင်း။

စိုက်ဧကတိုးတက်

နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးရည်မှန်းပြီး ဆည်မြောင်းတာတမံများ၊ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ၊ရေထိန်းတံခါးကြီးများ စသည့်အခြေခံအဆောက်အအုံများ ဆောက်လုပ်ခဲ့ရာ မုဒုံမြို့နယ်တွင် အဇင်းရေလှောင်တမံနှင့် ဝင်းဖနံဆည်တို့ကို တည်ဆောက်ပေးခဲ့ပြီးဖြစ်၍ လယ်မြေများတွင် တစ်မိုးနှစ်သီးသာမက နွေစပါးစိုက်ခင်းများပါ စိုက်ပျိုးနိုင်ခဲ့သည်ကို တောင်သူလယ်သမားကြီးများ တွေ့မြင်ရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်တစ်ဝန်းလုံးတွင်လည်း စိုက်ပျိုးမြေ တိုးချဲ့ဖော်ထုတ်ပေးမှု၊ စိုက်ပျိုးရေ တိုးတက်ဖြန့်ဝေပေးနိုင်မှု၊ စိုက်ပျိုးရေး နည်းပညာသစ်များနှင့် မျိုးကောင်းမျိုးသန့်များကို တိုးတက်အသုံးပြုနိုင်မှုတို့ကြောင့်စိုက်ပျိုးမြေဧကများ တိုးတက်လာခဲ့ပါကြောင်း။

တိုးချဲ့ရေး

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ စိုက်ဧကပြည့်မီရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊မြေသယံဇာတများ အပြည့်အဝ ဖော်ထုတ်အသုံးချပြီး သီးနှံစိုက်ဧက တိုးချဲ့ရေး၊ သီးထပ်စွမ်းအားမြှင့်တင်ခြင်းတို့ဖြင့် လယ်ယာကုန်ထုတ်လုပ်မှုအခြေအနေ တိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်ရင်းတိုင်းရင်းသားပြည်သူတစ်ရပ်လုံး အနေဖြင့် မိမိနိုင်ငံ၊မိမိလူမျိုးတိုးတက်ကြီးပွားရေးဆောင်ရွက်ကြရာ၌ တိုင်းတစ်ပါးအမှီအခိုကင်းကင်းနှင့် ဂုဏ်သိက္ခာရှိရှိ ရပ်တည်ပြီး ကိုယ့်အားကိုယ့်မာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိသော မြန်မာနိုင်ငံသားအဖြစ် ရပ်တည်သွားနိုင်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် အားကြိုး မာန်တက် ဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဒေသခံတောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရောက်ရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မော်လမြိုင်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

NLD ပါတီ၏ လုပ်ဆောင်နေမှုများနှင့် ရပ်တည်ချက်သဘောထားများ ထောက်ခံမှုမရှိ စစ်ကိုင်း၊ မြောင်နှင့် တွံတေးမြို့နယ်တို့မှ ပါတီဝင် ၁၄ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇူလိုင် ၂၃

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးချစ်ဆိုင်အပါအဝင်ခြောက်ဦး၊ မြောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ဒေါ်စန်းစန်းဝင်း အပါအဝင်ငါးဦး၊ ရန်ကုန်တိုင်း တွံတေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးသန်းစိန်အပါအဝင်သုံးဦးတို့သည် ဇူလိုင် ၁၂ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ပါတီဝင်အဖြစ် ရပ်တည်လိုစိတ်မရှိ

စစ်ကိုင်းမြို့၊ မြောင်မြို့နှင့် တွံတေးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် (NLD) ပါတီ၏ လုပ်ဆောင်နေမှုများနှင့် ပါတီ၏ရပ်တည်ချက် သဘောထားများကို ထောက်ခံမှုမရှိတော့ကြောင်း၊ ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ကျိုက်ဝိုင်းစေတီတော်စောင်းတန်းအတွက် ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း၀င် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီးတည်ဆောက်ရန်အတွက် ဦးကြည်လွင်-ဒေါ်ကျင်ပြုံး(ကြည်သာပွဲရုံ)မိသားစုက ငွေကျပ်နှစ်သိန်း လှူဒါန်းရာ စေတီတော် ဂေါပကအဖွဲ့၀င် ဦးဟန်ညွန့်၊ ဦးဘချို၊ ဦးသိန်းထွန်းတို့က ဂုဏ်ပြုမှတ်တမ်းကို အလှူရှင်အား ပေးအပ်သည်။ **(ယာပုံ)**

လှူဒါန်းနိုင်

အဆိုပါစောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော် ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန် ဗုဒ္ဓတက္ကသိုလ်၌ ဝါဆိုသင်္ကန်း ဆက်ကပ်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိစာသင်တိုက်ရှိ ရန်ကုန် ဗုဒ္ဓတက္ကသိုလ်၌ တက်ရောက်တော်မူနေကြသော ဆရာတော် သံဃာတော်များနှင့် သီလရှင်အပါး ၅၀၀ တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၂ ရက်တွင် အဆိုပါစာသင်တိုက်ရှိ ရွှေညဝါပညာ့ဗိမာန် ကျောင်းတော်၌ကျင်းပရာ ရန်ကုန် ဗုဒ္ဓတက္ကသိုလ် အကျိုးတော်ဆောင်ချုပ် ရွှေညဝါဆရာတော် ဘဒ္ဒန္တပညာသီဟထံမှ ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြပြီး တာဝန်ရှိသူများနှင့် အလှူရှင် လမ်းမတော်မြို့နယ်မှ ဦးမြင့်လွင် မိသားစုတို့က ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

အမျှပေးဝေ

ထို့နောက် ရန်ကုန် ဗုဒ္ဓတက္ကသိုလ် အကျိုးတော်ဆောင်ချုပ် ရွှေညဝါ ဆရာတော် ဘဒ္ဒန္တပညာသီဟထံမှ ပရိသတ်တို့က ရေစက်ချ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေ ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံကြီးအချို့ မီဒီယာမျိုးစုံဖြင့် ပြည်တွင်းရေးမတည်မငြိမ်ဖြစ်အောင် နှောင့်ယှက်လျက်ရှိ ထိပါးနှောင့်ယှက်မှုများကို တန်ပြန်ချေဖျက်နိုင်ရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြစ် တိုင်းရင်းသားပြည်သူများ အမှား အမှန်ကွဲပြားခြားနားစွာသိရှိအောင် ဆောင်ရွက်သွားကြ

ရန်ကုန် ဇူလိုင် ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာ လမ်းသစ် အမှတ် ၄၅၅/၄၅၇ ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံး ခန်းမဆောင်သစ်ကြီး၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အတွင်းရေးမှူး ဦးသောင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ (အောက်ပုံ)

တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဌာနချုပ်ရုံးမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်း သား၊ သင်တန်းသူများ တက်ရောက် ကြသည်။

အမှာစကားပြော

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်းက သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် ယခု သတင်းစာ သင်တန်းသည် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီး၏ ပြန်ကြားရေးမဏ္ဍိုင်ကို အခိုင်အမာ ထူထောင်ပြီး ပုံနှိပ်မီဒီယာလုပ်ငန်းကို အီလက်ထရွန်နစ် မီဒီယာလုပ်ငန်းနှင့် ပေါင်းစပ်ပြီး သတင်းပြန်ကြားရေး လုပ်ငန်းများ၊ စည်းရုံးရေးလုပ်ငန်းများ လက်ရှိနယ်ပယ်အတွင်း ထိထိရောက် ရောက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက် နိုင်ရန် ဖွင့်လှစ်ခြင်းပင်ဖြစ်ကြောင်း၊ ယခုသင်တန်း၌ အမျိုးသားရေးမူဝါဒ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု သတင်း ရေးသားခြင်း၊ သတင်းထောက်လှမ်း ခြင်း၊ သတင်းစာ ထုတ်လုပ်ခြင်း၊ သတင်းစာတိုက်ဖွဲ့စည်းခြင်း၊ ပုံနှိပ်ပညာ အခြေခံ၊ ဆောင်းပါးရေးသားခြင်း၊ လုံခြုံရေးအတွက် သတင်းစုဆောင်း ခြင်း၊ မှားတတ်သော မြန်မာစာအရေး အသားများ၊ ခေတ်မီ မီဒီယာများ၊ အင်တာဗျူးလုပ်ခြင်း၊ တီဗွီကင်မရာနှင့် ဓာတ်ပုံရိုက်ကူးခြင်း၊ ရေဒီယိုဂျာနယ် လစ်ဇင်၊ ရုပ်မြင်သံကြားသတင်း တည်း ဖြတ်ခြင်း၊ ကဗျာစပ်နည်း၊ အခြေခံ ကာတွန်းရေးဆွဲခြင်း စသည့် ဘာသာ ရပ်များကို လေ့လာဆည်းပူးကြရမှာ ဖြစ်ကြောင်း။

လျင်မြန်စွာတိုးတက်

ယနေ့ နိုင်ငံတကာ၌ အိုင်တီ(IT) နည်းပညာသည် အလွန်လျင်မြန်စွာ တိုးတက် တွင်ကျယ်လာသည့်အတွက် သတင်းအချက်အလက်တစ်ခုကို ကမ္ဘာ့ အစိတ်အပိုင်းနေရာ ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ အချိန်နှင့် တစ် ပြေးညီပေးပို့နိုင်သော အချိန်ကာလ ဖြစ်နေသည့်အတွက် နိုင်ငံကြီးအချို့ သည် အိုင်တီနည်းပညာဖွံ့ဖြိုးတိုးတက်မှု အပေါ်၌ အသာစီးရယူပြီး အချုပ်အခြာ အာဏာပိုင်နိုင်ငံများ၏ ပြည်တွင်းရေး မတည်မငြိမ်ဖြစ်အောင် မီဒီယာမျိုးစုံဖြင့် ဝင်ရောက်ထိပါး ထိုးနှက် နှောင့်ယှက် လျက်ရှိကြောင်း၊ နိုင်ငံကြီးအချို့၏ သတင်းဌာနပေါင်းစုံ၊ ပြန်ကြားရေးဌာန ပေါင်းစုံ၊ ရုပ်မြင်သံကြားဌာနပေါင်းစုံ၊ တစ်ကမ္ဘာလုံးသို့ပျံ့နှံ့စေရန် ဂြိုဟ်တုသုံး အသံလွှင့်ချက်ပေါင်းစုံသာမက အင် တာနက်(Internet) ကွန်ရက်စနစ်တွင် သတင်းများကို ၎င်းတို့လိုလျှင် လိုသလို အပြုသဘောနှင့်ပေးပို့ပြီး မလိုလား သည်များကို ဆန့်ကျင်လျက် အတိုက် အခံဝါဒဖြန့်နည်းကိုလည်း လုပ်ဆောင် နေကြသည်ကို တွေ့နေမည်ဖြစ် ကြောင်း၊ ထိုသို့ ထိပါးနှောင့်ယှက်၊ ထိုးနှက်ရေးသား၊ အသံလွှင့် သတင်း ပေးပို့ချက်များကို ထိထိရောက်ရောက် တန်ပြန်ချေဖျက်သွားနိုင်ကြရန် ယခု သင်တန်းက လေ့ကျင့်ပျိုးထောင်ပေး မည်ဖြစ်ကြောင်း၊ ပြည်ပ ပယောဂများ နှင့် ပြည်တွင်း သစ္စာဖောက်များ၏ မဟုတ်မမှန် လုပ်ကြံသတင်းလွှင့်မှုများ ကြောင့် တိုင်းရင်းသားပြည်သူအချို့ သည် အမှားနှင့် အမှန် မခွဲခြားနိုင်မှု များကို ကွဲကွဲပြားပြား၊ ခြားခြားနားနား သိရှိအောင် ဆောင်ရွက်သွားကြရန် ယနေ့ သင်တန်းသားများ၌ တာဝန် ကျရောက်လာပြီဖြစ်ကြောင်း။

မြင်တွေ့ရပြီ

လက်ရှိအချိန်ကာလသည် နိုင်ငံ တော်သစ်ကြီး ပေါ်ထွန်းရေးအတွက် လမ်းကြောင်းမှန်ပေါ်ကို ရောက်ရှိနေ ပြီဖြစ်ကြောင်း၊ မကြာဝေးတော့သည့် ကာလ၌ ပေါ်ထွန်းလာမည့် အနာဂတ် နိုင်ငံတော်သစ်ကြီး၏ အသွင်သဏ္ဌာန် ကို ပီပြင်စွာ မြင်တွေ့နေကြရပြီဖြစ် ကြောင်း၊ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ် လာရေးနှင့်စပ်လျဉ်းပြီး အသင်း နာယကကြီး နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမှုဆောင် များ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၆) သင်တန်းဆင်းပွဲအခမ်းအနား၌ သြဝါဒစကား မြွက်ကြားရာတွင် **နိုင်ငံတော်တွင် နိုင်ငံရေးတည်ငြိမ်မှု ရှိပြီး အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး အထိုက်အလျောက် တည် ဆောက်နိုင်သည့်အခါတွင် နိုင်ငံတော် အစိုးရအနေဖြင့် ခိုင်မာသောဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာ ရန်အတွက် တိုင်းရင်းသား ပြည်သူ တစ်ရပ်လုံးကို ကိုယ်စားပြုမည့် ကိုယ် စားလှယ်များ စုံညီစွာပါဝင်သည့် အမျိုး သားညီလာခံကြီးကို ခေါ်ယူကျင်းပ လျက်ရှိသည်ကို မောင်တို့ မယ်တို့ သိပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ အသက် သွေးကြော ဥပဒေကြီးပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ ဥပဒေတစ်ရပ်တွင် ဟာကွက်၊ ပျော့ကွက်၊ အားနည်းချက် များ ပါသွားလျှင် တိုင်းပြည်နှင့် လူမျိုး အတွက် အန္တရာယ်ကြီးမားလှကြောင်း၊ သာဓက ပြောရလျှင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်း ချက်ကြောင့် ၁၉၆၂ ခုနှစ်တွင် ဖက် ဒရယ်မူပြဿနာတစ်ရပ် ပေါ်ပေါက် လာခဲ့ပြီး ပြည်ထောင်စုကြီးပြိုကွဲမည့် အန္တရာယ်ဆိုးကြီး ကျရောက်ခဲ့ရ ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးဦးတည် ချက် လေးရပ်ချမှတ်ရာတွင် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာ ရေး၊ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး အချက်ကို ထည့်သွင်းထားခြင်းပင် ဖြစ်ကြောင်း** စသည်ဖြင့် ထည့်သွင်း မြွက်ကြားသွား ခဲ့ပါကြောင်း။

အလေးအနက်ခံယူ

နိဂုံးချုပ်အနေဖြင့် မှာကြားလို သည်မှာ အသင်းဝင် သင်တန်းသား၊ သင်တန်းသူများသည် အမျိုးသားရေး တာဝန်ကို ထမ်းဆောင်ကြမည့် နိုင်ငံ သားကောင်းများပီပီ ဒို့တာဝန်အရေး (၃)ပါးကို မမိုတ်မသုန်ခံယူပြီး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အရင်းခံ ဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ တော်သစ် ပေါ်ထွန်းလာရေးအတွက် ကျရာအခန်းကဏ္ဍက တက်တက် ကြွကြွ ပါဝင်ဆောင်ရွက်သွားကြပါ၊ အသင်းကြီးနှင့် မီဒီယာလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွား နိုင်ရန်အတွက် အချိန်ကောင်း အခါ ကောင်းရရှိချိန်၌ ဝါရင့်နည်းပြဆရာကြီး များ၏ ပို့ချသင်ကြားပေးမှုကို အလေး အနက် ခံယူမှတ်သားကြပါ၊ အသင်း ကြီးက ပြည်သူ့အကျိုးအတွက် ဦးတည် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ အတိုင်း နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တိုးမြှင့် ပါဝင်ဆောင်ရွက်သွားကြပါဟု တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါကြောင်း ဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်းသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့် တိုင်းအသီးသီးမှ သင်တန်းသား၊ သင် တန်းသူ ၅၀ တက်ရောက်ကြပြီး သင် တန်းကာလမှာ ရက်သတ္တ ကိုးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၇-၂၀၀၇ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	စိတ်ထားပြုပြင်ပြောင်းပါ့မယ် တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒ)
၈:၀၅	ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
၈:၂၅	တေးဂီတအစီအစဉ်
၈:၃၀	Sunday Talk
၉:၃၀	ပြည်တွင်းသတင်းအကျဉ်း
၉:၄၀	နှင်းဆီပင်စိုက်ကြရအောင်
၉:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀	ချည်ခင်ချည်မျှင်ပိတ်စအသွင်
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	Yangon Panorama အဖြူရောင်သက်တံကဗျာရွတ်ဆိုပွဲ
၁၀:၅၅	မိုးလေဝသခန့်မှန်းချက်
၁၁:၀၀	မြစ်သာတံတား
၁၁:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀	**ချောင်းကမ်းဘေးကရွာကလေး** နွဲ့နွဲ့စန်း၊ထင်ပေါ်၊တြီကို၊သဇင် [ဒါရိုက်တာ-မြင့်စိုး(ဝသ-ရန်ကုန်)]
၁၁:၃၅	မြွေအန္တရာယ်နှင့် မြွေကိုက်ခံရလျှင် လိုက်နာဆောင်ရွက်သင့်သည့် အချက်များ (ဒေါက်တာစောနောင်)
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၅	ဆောင်းပါးရှင်အတွေးအမြင် (ငါးမင်းဆွေနှင့်တွေ့ဆုံခြင်း)
၁၂:၃၀	Music Gallery မင်းအတွက်(၂)
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

ခန္တီးမြို့ စိုးရိမ်ရေမှတ်

နေပြည်တော် ဇူလိုင် ၂၃

ချင်းတွင်းမြစ်ရေသည် ယနေ့ နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ ခန္တီးမြို့၌ ၁၄၄၁ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ် ရေမှတ် ၁၃၆၈စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲယှဉ်ပြိုင် အားကစားဝန်ကြီးဌာနအသင်း အနိုင်ရရှိ

နေပြည်တော် ဇူလိုင် ၂၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များတက်ရောက် ကြည့်ရှုအားပေးကြသည်။

ပေါင်းလောင်းအားကစားကွင်း

ညနေ ၄နာရီပွဲ (ဂဂ) အုပ်စု

အားကစားဝန်ကြီးဌာန – ၆ ဂိုး။
ယဉ်ကျေးမှုဝန်ကြီးဌာန – ဂိုးမရှိ။

ဇူလိုင် ၂၄ရက် ညနေ ၄နာရီတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်း အားကစားကွင်း၌ (ဃဃ)အုပ်စုမှပညာရေးဝန်ကြီးဌာနအသင်းနှင့်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး၊ ဇူလိုင်၂၅ရက်တွင် (ဃဃ)အုပ်စုမှအလုပ်သမားဝန်ကြီးဌာနအသင်းနှင့်ကာကွယ်ရေးဝန်ကြီးဌာန အသင်းတို့သည်လည်းကောင်း၊ ဇူလိုင် ၂၆ရက်တွင်(ကက)အုပ်စုမှ အမှတ် (၁) စက်မှုဝန်ကြီးဌာနအသင်းနှင့်ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန အသင်းတို့သည်လည်းကောင်း နေပြည်တော် ပျဉ်းမနား ပေါင်းလောင်း အားကစားကွင်း၌ နေ့စဉ် ညနေ ၄နာရီတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲတွင် (ဂဂ)အုပ်စုမှ အားကစားဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

ဇူလိုင် ၂၃ရက်က အီဂျစ်အာရပ်သမ္မတနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲသို့တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Youssef Kamal Botros Hanna ကိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြို့ရေပေးရေးစက်ရုံတည်ဆောက်

ရန်ကုန် ဇူလိုင် ၂၃

ဇွန် ၁၈ရက်က ပဲခူးတိုင်း ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇–၂၀၀၈ခုနှစ် ဘဏ္ဍာရေးနှစ် မြို့ပြရေပေးရေး လုပ်ငန်းဖြစ်သော ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဂါလန် ၁၆၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်းလုပ်ငန်းအား ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးအေးချိုက ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထင်အောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့က ရှင်းလင်းတင်ပြသည်။ **(က–ပ)**

လယ်တီတရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၃

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့်အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထ ဝိပဿနာ အကျင့်မြတ် သင်တန်း ၁၀ ရက်စခန်းကို ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးကျော်နိုင်ထွန်းက ဟင်္သာတမြို့ သုံးပင်ကွင်းရပ် ရေတံခွန် ၂လမ်းရှိ ဓမ္မသုခရိပ်သာတွင် ဇူလိုင် ၂၉ရက်မှ ဩဂုတ် ၇ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂နာရီမှ ညနေ ၅ နာရီအထိ ဓမ္မဒါန ပြုမည်ဖြစ်ရာ မည်သူမဆို ဖုန်း– ၅၁၉၀၉၆ သို့ လာရောက် အားထုတ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ယှဉ်ပြိုင်

သတင်း၊ မြင်ကွင်းနှင့်ဓာတ်ပုံ—သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၃

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် (၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဘတ်စကက်ဘောပြိုင်ပွဲဒုတိယနေ့ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ဆက်လက်ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် (က)အုပ်စုမှ မန္တလေးတိုင်းက ရခိုင်ပြည်နယ်ကို ၁၀၃မှတ်၊ ၃၅မှတ်ဖြင့်လည်းကောင်း၊ (ခ)အုပ်စုတွင် ရန်ကုန်တိုင်းက မွန်ပြည်နယ်ကို ၉၈မှတ်၊ ၄၄မှတ်ဖြင့်လည်းကောင်း၊ ကယားပြည်နယ်က မွန်ပြည်နယ်ကို ၇၃မှတ်၊ ၄၂မှတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားပြီး အနိုင်ရရှိသည့်အသင်းများ အုပ်စုတက်ရန် သေချာသွားပြီဖြစ်သည်။

ဟန့်တား

အမျိုးသမီး (ခ) အုပ်စုမှ စိုး သီ ရိ ဝင်း နံပါတ်(၁၂)ရှမ်းပြည်နယ်(တောင်ပိုင်း) ၏ ထိုးဖောက်ဂိုးသွင်းမှုကို မကွေးတိုင်း အသင်းမှ ဟန့်တားစဉ်။
(မြန်မာ့အလင်း)

အနိုင်ရ

အမျိုးသမီးပြိုင်ပွဲတွင် (က)အုပ်စုတွင် ဧရာဝတီတိုင်းက မန္တလေးတိုင်းကို ၇၁မှတ်၊၂၇မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)က မကွေးတိုင်းကို ၅၀မှတ်၊ ၃၃မှတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိထားသည်။

ပြိုင်ပွဲအပြီးတွင် ပြိုင်ပွဲကျင်းပရေး တာဝန်ခံဒိုင်ချုပ်ဦးသက်လွင်(အဖွဲ့ချုပ်)၊ ယမန်နှစ် အမျိုးသားချန်ပီယံ မန္တလေးတိုင်းအသင်း အုပ်ချုပ်သူဦးအောင်နိုင်ထူး၊ ယမန်နှစ် အမျိုးသားပြိုင်ပွဲဒုတိယဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းအုပ်ချုပ်သူဦးနေမင်းထွန်းတို့နှင့် မြန်မာ့အလင်းသတင်းအဖွဲ့ တွေ့ဆုံ၍ ပြိုင်ပွဲအတွက် ဒိုင်များကြိုတင်ပြင်ဆင်မှုနှင့် ပါဝင်ယှဉ်ပြိုင်မှု အခြေအနေများကို မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံမေးမြန်း၍ ရေးသားဖော်ပြလိုက်ပါသည်။

တိုးတက်မှု

ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ဒိုင်ချုပ်ဦးသက်လွင်က“မိမိတို့ ယခုနှစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် ကစားသမားများ၏လက်ရည်အဆင့်အတန်း တိုးတက်မှုရှိလာသည်ကို တွေ့ရကြောင်း၊ ယခုပြိုင်ပွဲတွင် အဖွဲ့ချုပ် ဒိုင်လူကြီးများအပြင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဘတ်စကက်ဘောဒိုင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ဒိုင်လူကြီးများနှင့် တွဲဖက်၍ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ အဖွဲ့ချုပ်အနေဖြင့် ကမ္ဘာ့ဘတ်စကက်ဘောအဖွဲ့ချုပ် (FIBA) ဦးစီးပြီး အာရှဘတ်စကက်ဘော အဖွဲ့ချုပ် (FIBA. AGIA)မှ မြန်မာနိုင်ငံတွင် လာရောက်၍ ဒိုင်လူကြီးသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းတွင်လည်း နှစ်စဉ်နီးပါး အဖွဲ့ချုပ်မှ ဒိုင်လူကြီးသင်တန်းများဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ နိုင်ငံအတွက် အားထားရမည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းရန်ရည်ရွယ်၍ ပြည်နယ်နှင့်တိုင်းအချို့တွင် အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် အသက်(၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲများ ကျင်းပပေး၍ အသင်းများပေါ်ထွက်လာစေရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ၂၀၀၇ခုနှစ် မေလပိုင်းက တတိယအကြိမ်ပြည်နယ်နှင့်တိုင်း အသက်(၁၈)နှစ် အောက် အမျိုးသား/အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲများကို ကျင်းပခဲ့ကြောင်း၊ အဆိုပါပြိုင်ပွဲမှကလေးများ၏လက်ရည်သည်တိုးတက်မှုရှိလာမည်ကို မိမိတို့အဖွဲ့ချုပ်က သုံးသပ်ထားကြောင်း”ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

“မိမိတို့အဖွဲ့ချုပ်အနေဖြင့် ကမ္ဘာ့ဘတ်စကက်ဘော အဖွဲ့ချုပ် ဦးစီးပြီး အာရှ ဘတ်စကက်ဘော အဖွဲ့ချုပ်မှ မြန်မာနိုင်ငံတွင် လာရောက်၍ ဒိုင်လူကြီးသင်တန်းများ ဖွင့်လှစ်ရန် အစီအစဉ်ရှိကြောင်း” ဒိုင်ချုပ်ဦးသက်လွင်က မြန်မာ့အလင်းသို့ ရှင်းပြစဉ်။
(မြန်မာ့အလင်း)

ကြိုးစား

မန္တလေးတိုင်းအသင်း အုပ်ချုပ်သူဦးအောင်နိုင်ထူးက “မိမိတို့ယခုပြိုင်ပွဲတွင် အမျိုးသား၁၂ဦးနှင့် အမျိုးသမီး ၁၂ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း၊ လူရွေးချယ်ရာတွင် ဇွန်လက မန္တလေးတိုင်း မြို့နယ်ပေါင်းစုံလူရွေးပွဲမှ ကစားသမား၃၀ကိုရွေးချယ်ပြီး ဇွန်၂၀ရက်တွင် အပြီးသတ် ၁၂ဦးကိုရွေးချယ်၍ စုစည်းလေ့ကျင့်စေခဲ့ကြောင်း၊ ယခုပြိုင်ပွဲတွင် စာမေးပွဲများနှင့်တိုက်ဆိုင်၍ ပြည်နယ်နှင့်တိုင်းပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရသူများ မပါဝင်နိုင်သော်လည်း အမျိုးသားတံခွန်စိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ မိမိတို့အမျိုးသားအသင်းအနေဖြင့် ချန်ပီယံဘွဲ့ဆက်ထိန်းရန် ကြိုးစားယှဉ်ပြိုင် ကစားမည်ဖြစ်ကြောင်း”ရှင်းပြသွားသည်။

ကြိုတင်ပြင်ဆင်

ယမန်နှစ်ဒုတိယဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းမှ အုပ်ချုပ်သူ ဦးနေမင်းထွန်းက “မိမိတို့ ယခုပြိုင်ပွဲတွင် အမျိုးသား၁၂ဦးနှင့် အမျိုးသမီး ၁၂ဦး စုစုပေါင်း၂၄ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း၊ လူရွေးချယ်ရာတွင် မတ်လတွင်ကျင်းပသည့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလားပြိုင်ပွဲမှ လူရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ အမျိုးသားအသင်းအနေဖြင့် ယမန်နှစ်လူဟောင်းရှစ်ဦးကိုအမာခံထား၍ မျိုးဆက်သစ်လူငယ်လေးဦးနှင့်ပေါင်းစပ်၍ ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း၊ ၂၀၀၆ခုနှစ် ပြည်နယ်နှင့်တိုင်းပြိုင်ပွဲတွင် မိမိတို့အမျိုးသားအသင်းသည်ဗိုလ်လုပွဲတွင် မန္တလေးတိုင်းအသင်းကို ပွတ်ကာသီကာရှုံး၍ ဒုတိယဆုနှင့်သာကျေနပ်ခဲ့ရကြောင်း၊ ယခုနှစ်တွင် ဒိုင်းပြန်လည်ရယူနိုင်ရေး အတွက် ကြိုတင်ပြင်ဆင်ခဲ့ကြောင်း” မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။



“မိမိတို့အမျိုးသားအသင်းအနေဖြင့် ချန်ပီယံဘွဲ့ ဆက်ထိန်းရန် ကြိုးစား ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း” မန္တလေးတိုင်းအသင်း အုပ်ချုပ်သူ ဦးအောင်နိုင်ထူးက မြန်မာ့အလင်းသို့ ရှင်းပြစဉ်။
(မြန်မာ့အလင်း)

ဇူလိုင် ၂၄ရက် **(ယနေ့)** နံနက် ၉နာရီတွင် အမျိုးသားပြိုင်ပွဲများအဖြစ် မန္တလေးတိုင်းနှင့်ဧရာဝတီတိုင်း၊ရန်ကုန်တိုင်းနှင့် ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ကရင်ပြည်နယ်၊ အမျိုးသမီးပြိုင်ပွဲများတွင် စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ဘတ်စကက်ဘော ဝါသနာရှင်များအား သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

“ယမန်နှစ်ကဒုတိယဆုရရှိခဲ့သည့် အမျိုးသားအသင်းမှ ရှစ်ဦးကိုအမာခံထားပြီး မျိုးဆက်သစ်လူငယ်လေးဦးနှင့် ပေါင်း၍ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း” ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းမှ အုပ်ချုပ်သူ ဦးနေမင်းထွန်းက မြန်မာ့အလင်းသို့ ရှင်းပြစဉ်။
(မြန်မာ့အလင်း)

ထိရောက်မှုအရှိဆုံးနှင့် အမြန်ဆုံးသက်သာပျောက်ကင်းစေမှာ

FLUZA Tab.

A Quality Product from Korea Pharma Co. Ltd.

တုပ်ကွေး အအေးမိ နှာစေး

MARKETED BY : PACIFIC PHARMACEUTICAL PTE. LTD.
Tel : (01) 249588, 249591-3, (02) 30040

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရောဝတီတိုင်း၊ ဟင်္သာတမြို့နေ
ဦးထိုက်လွင်-ဒေါ်တင်တင်သန်းတို့၏သား

ဗိုလ်ကြီးစိုးသူရ

(ကာကွယ်ရေးဝန်ကြီးဌာန)

B.Sc (DSA) Maths; M.Sc (Maths;) Y.U

နှင့်

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်မှူးကြီးအေးကျော်(ငြိမ်း)-ဒေါ်ခင်ချိုဝင်းတို့၏သမီး

မသော်သော်ဟံသာ

(လ/ထ မန်နေဂျာ-မြဝတီဘဏ်)

B.Sc (Hons;), M.Sc (Maths) Y.U

တို့၏ ၂၂-၇-၂၀၀၇ရက်(တနင်္ဂနွေနေ့)တွင် Dolphin Restaurant (Grand Ballroom)၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးသိန်းငွေ(ငြိမ်း)နှင့်ဇနီး ဒေါ်ထားထားယဉ်အားလည်းကောင်း၊ မင်္ဂလာလက်စွပ်များချီးမြှင့်ပေးပါသော ဒေါက်တာမောင်သင်း(ပါမောက္ခချုပ်၊ ငြိမ်း၊ ဒဂုံတက္ကသိုလ်)နှင့်ဇနီး ဒေါ်ခင်စောအေး ကထိက(ငြိမ်း) ပထဝီဝင်ဌာနတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးဝင်းတင်၊ မင်္ဂလာအခါတော်ပေးတေးသီဆိုပေးသော ဒေါ်နှင်းရီသန့်၊ မင်္ဂလာဝတ်စုံအလှဆင်ပေးသော ခင်စန်းဝင်းနှင့်အဖွဲ့၊ ဗီဒီယိုမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပေးသော AHKAI နှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မမိုးမိုးပြည့်နှင့် အစစအရာရာကူညီပေးကြသော သူငယ်ချင်းများအားလုံး၊ Dolphin Restaurant မှ မန်နေဂျာနှင့်တကွ ဝန်ထမ်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးစိုးသူရ-မသော်သော်ဟံသာ။

Myanmar Voice

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ၊ ၂၆ ရက်၊ ကြာသပတေး၊ အတွဲ(၁)၊ အမှတ် (၃)

■ အမျိုးသမီးသုံးကွန်ဒုံး ကျပ် ၇၀ နဲ့ ရောင်းနေပြီ ■ ကားခေါ်ဈေးနဲ့ ရောင်းဈေး ဘာကြောင့် သီသီ သာသာ ကွာသွားတာလဲ ■ သီချင်းနားထောင်တဲ့ နွားတွေ အသားနဲ့နို့ထွက်ပိုကောင်းသတဲ့ ■ လေယာဉ်မောင်း/မယ်အလုပ်ရဖို့ အတက်များလာတဲ့ သင်တန်း ■ မင်္ဂလာဧည့်ခံပွဲမှာ လက်ဖွဲ့လက်ခံတဲ့သူကို အမျိုးသား အစားထိုးကြတဲ့ အကြောင်းရင်း ■ မွေးကင်းစကလေးတွေရဲ့ချက်ကြိုး ဘယ်အချိန်မှာဖြတ်သင့်သလဲ ■ ပင်လယ်ကမ်းခြေတွေမှာ ငါးမန်းထက် အန္တရာယ်ပိုပေးနိုင်တဲ့အရာ ■ သွေးဆုံးပြီးအမျိုးသမီးများအတွက် စိတ်ချရတဲ့ ဟော်မုန်းဖြည့်ကုသမှု ■ ဟယ်ရီဆန်ဖို့ တပ်မက်မိတဲ့ ကမ္ဘာကျော်မင်းသမီး ဆယ်ယောက် ■ ရွှေကောက်ပွဲမရှိတဲ့နှစ်မှာ မဲပေးတဲ့ ပဲရစ်ဟီလ်တန် ■ လူသားအရင်းအမြစ်မွေးထုတ်ပေးတဲ့ ပန်းချီပါသနာရှင် ဦးအေးကျော်ရဲ့ ဘဝနဲ့ ခံယူချက် ■ ဟီရိုရှီးတပ်စ်က သမိုင်းပညာရှင်ရဲ့ ဖြင်ဟုတ်မဟုတ်နဲ့ ဂျူးလီယက်ဆီဇာ ကောရင်တစ်ပါး ဖြစ်မဖြစ် ■ ဒီတစ်ပတ်အတွက် ဆင်ခြင်သတိထားစရာ သင့်ကံကြမ္မာ ■ ဘရစ်တနီစပီးယားကို လုံးဝသီချင်းမပေးနိုင်ဘူးလို့ပြောတာ ဘယ်သူလဲ ■ Mood သွင်းတာလေးလတောင်ကြာတဲ့ ကမ္ဘာကျော် တရုတ်မင်းသမီး ဂေါင်းလီရဲ့ ခံယူချက် ■ ဒီအပတ် ဈေးကွက်မှာ လူကြိုက်များနေတဲ့ နောက်ဆုံးပေါ်နည်းပညာသုံး အော်ဒီယို၊ အိုင်တီနဲ့ အီလက်ထရွန်နစ် အသုံးအဆောင်ရှစ်ခု ■ မြေကြွက်တစ်ကောင်နဲ့ စားသောက်ဆိုင်အကြောင်း Animation ဇာတ်ကား

ထွက်ပြီ

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ျ/၁၉၂၈ မာဇဒါ 1300၊ ဆီဒင် ယာဉ်လက်ဝယ်ရှိသူအမည် ဦးမျိုးမြင့် မှတ်ပုံတင်အမှတ် ၁၂/မရက(နိုင်)၀၂၃၁၄၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊အနောက်ပိုင်းခရိုင်ရုံး(သဃ်န်းကျွန်းမြို့)။

ဝယ်ယူလိုပါသလား/ရောင်းလိုပါသလား

လူကြီးမင်းတို့ထံမှ မော်ဒယ်အနိမ့် တီဗွီအဟောင်းများကို မော်ဒယ်အမြင့် တီဗွီအသစ်များဖြင့် လဲလှယ်လိုပါသလား

ရွှေပြေး တီဗွီ၊ရေခဲသေတ္တာ ရောင်းဝယ်ရေး

အမှတ်(၂၃၄)၊ဘားလမ်း(အထက်ဘလောက်)၊ရန်ကုန်မြို့။

Ph:378113,372404,09-51-39877 သို့အရောက်ကြွလှမ်းခဲ့ပါ။

Auto Voltage TV အဟောင်းများကိုလည်း(၃)နှစ်အာမခံဖြင့်လဲလှယ်ရောင်းချပေးနေပါပြီ

အိမ်ရှင်မတိုင်းအတွက် တွက်ခြေကိုက်စေမည့် အကောင်းဆုံး

လျှပ်စစ်မီးဖိုကိုသုံးပါ။

■ ကျောက်တွင်း လျှပ်စစ်မီးဖိုအမျိုးမျိုး
■ အလှမီးနီ့ယ်လျှပ်စစ်မီးဖိုအမျိုးမျိုး
■ အပူချိန်လိုသလို အလျှော့အတင်းလုပ်၍ရသော လျှပ်စစ်မီးဖိုအမျိုးမျိုးတို့ကို လက်လီလက်ကားရပြီ။

လျှပ်စစ်ပစ္စည်းဆိုင်တိုင်းတွင် ဝယ်နိုင်ပါပြီ။

ပင်ရင်း ။ အမှတ် ၁၁၂/၁၂၉၊ လမ်း ၃၀ (အလယ်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ။ ၃၈၄၁၈၆၊ ၃၈၄၄၆၀၊ ၂၅၃၆၀၈

မောင်စိန်မြင့်
နာရီ နှင့် ဓာတ်ပုံ

ROLEX, OMEGA နှင့် Swiss Made နာရီဟောင်း ပုံသင်များကို ရောင်းဝယ်ပြုပြင်ပေးသည်။

PANDA

▷ လေအေးပေးစက်
▷ ရေခဲသေတ္တာ
▷ အဝတ်လျှော်စက်
▷ Boiler ရေပူရေအေးစက်
★ ရောင်းဝယ်ပြုပြင်၊ တပ်ဆင်၊ ဆေးကြောခြင်း။
★ အိမ်အရောက်ဆောင်ရွက်ပေးပါသည်။

ဖုန်းဆက်လိုက်ပါ
09-5158803
09-5198402
373531

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ရန်ခိုက်ချန်၏ နိုင်ငံကူးလက်မှတ် အမှတ်-၆၂၄၀၂၄ မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀-၂၅၄၆၇။**

သင့်သွေးဖြင့် အသက်ကယ်ပါ

For 2008 AprilExam Series **LCCI** Accounting Course
သင်တန်းစတင်ဖွင့်လှစ်မည့်နေ့....

KMD Since 1986 Computer Centre

Level I + II (Book-keeping & Accounts)

LCCI Level I + II
5 August, 2007 (SAT-SUN) 4:30 to 6:30

၅၅၀-၅၅၂၊ကုန်သည်လမ်းနှင့်(၃၆)လမ်းထောင့်၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း- ၀၁-၃၈၀၀၃၅၊ ၃၈၀၇၇၆၊ ၃၈၁၁၂၈၊ ၂၄၉၁၃၅

Duration (5) Months

- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူတိုင်းတက်ရောက်နိုင်သည်။
- နိုင်ငံတကာအသိအမှတ်ပြု LCCI စာရင်းကိုင်သင်တန်း ကိုတက်ရောက်ခြင်းအားဖြင့် စီးပွားရေးလုပ်ငန်းများတွင် စာရင်းထိန်းသိမ်းထားနိုင်ရန် နှင့် အရှုံးအမြတ်၊ အရောင်းအဝယ်စာရင်းများကို လအလိုက်၊ နှစ်အလိုက် ရေးဆွဲနိုင်မည်။
- ဆရာဦးဝင့်ကျော် B.Com.,R.L ကိုယ်တိုင်ဦးစီးသင်ကြားပါမည်။
- သင်တန်းပြီးဆုံးပါက KMD မှပေးအပ်သော Certificate ကိုရရှိပါမည်။
- လန်ဒန်မြို့အခြေစိုက် LCCI မှ ကျင်းပသောစာမေးပွဲဖြေဆို အောင်မြင်လျှင် LCCI မှ Certificate ကိုရရှိပါမည်။

ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၂၃

ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၌ ဝါကပ်တော်မူကြမည်ဖြစ်သော ဘုရားကြီးတိုက် မဟာနာယကဆရာတော်များအမှူးရှိသည့် စာချစာသင် သံဃာတော်အပါး ၃၇၀ကျော်တို့အား ဇူလိုင် ၂၉ရက် (ဒုတိယဝါဆိုလပြည့်နေ့) တနင်္ဂနွေနေ့ ညနေ ၃နာရီတွင် သာသနာ့ဝိပုလကာရီ မဟာသိမ်တော်ကြီး၌ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်းတာဝန်ခံအဖွဲ့ဝင်များနှင့် အကျိုးဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ပထမအဆင့်သင်တန်းဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၂၃

နိုင်ငံတော်အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့် သင်တန်းအမှတ်စဉ်(၂၀၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း နေပြည်တော်၌ကျင်းပရာ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများ၊ သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာန ၃၀အောက်ရှိ ဦးစီးဌာန ၁၈ခုနှင့်စီးပွားရေးအဖွဲ့အစည်း၂၁ခုတို့မှ ဝန်ထမ်းစုစုပေါင်း၁၀၈ဦး တက်ရောက်ကြသည်။ သင်တန်းကာလမှာ သုံးလခန့်ကြာမြင့်မည်ဖြစ်သည်။

အစိုးရဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ဒုတိယအဆင့်၊ တတိယအဆင့်သင်တန်းများ၊ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူးများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများကိုလည်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း နေပြည်တော်၌ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မိုးရာသီ ဘဏ်ချေးငွေထုတ်ချေးပြီးစီး

ရန်ကုန် ဇူလိုင် ၂၃

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရန်ကုန်တိုင်းအနေဖြင့် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိရာ ယခုနှစ်တွင်လည်း တိုင်းအတွင်းရှိ မြို့နယ်ဘဏ်ခွဲ ၁၂ခုမှ တောင်သူလယ်သမား ၁၀၇၂၀၀ တို့သို့ ချေးငွေကျပ် ၆၃၀၇ဒသမ၁၃၃သန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်းနှင့် တိုင်းလုံးကျွတ် ထုတ်ချေးပြီးဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ပစိဖိတ်သမုဒ္ဒရာ၌ မုန်တိုင်းဖြစ်ပေါ်

မက္ကဆီကိုစီးတီး ဇူလိုင် ၂၃

မက္ကဆီကိုနိုင်ငံ အနောက်တောင်ဘက် မိုင် ၄၅၀အကွာခန့်ရှိ ပစိဖိတ်သမုဒ္ဒရာ၌ မုန်တိုင်းတစ်ခုဖြစ်ပေါ်နေကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ရွေ့လျားလျက်ရှိ

အဆိုပါမုန်တိုင်းသည် လက်ရှိအချိန်တွင် တစ်နာရီ မိုင် ၄၀နှုန်းဖြင့် ပစိဖိတ်သမုဒ္ဒရာအနောက်မြောက်ဘက်သို့ ရွေ့လျားလျက်ရှိပြီး တစ်စထက်တစ်စ အင်အားကောင်းသော မုန်တိုင်းတစ်ခုဖြစ်လာနိုင်ကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။

ရိုမေးနီးယား၌အပူလှိုင်းကျရောက်၍ ၁၈ဦးသေဆုံး

ဘူခါရက် ဇူလိုင် ၂၃

ရိုမေးနီးယားနိုင်ငံတွင် ဇူလိုင်၂၃ရက်က အပူလှိုင်းကျရောက်မှုကြောင့် စုစုပေါင်း ၁၈ဦးသေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အပူလှိုင်းကျရောက်

လွန်ခဲ့သောရက်များက အပူချိန်မြင့်မားခဲ့ပြီးနောက် ဇူလိုင် ၂၃ရက်၌ ပြင်းထန်သော အပူလှိုင်းကျရောက်ခဲ့သဖြင့် နိုင်ငံတစ်ဝန်းတွင် ၁၈ဦးသေဆုံးခဲ့ရကြောင်း ရိုမေးနီးယား ကျန်းမာရေးဝန်ကြီး အူဂန်နီကိုလတ်စကူက ပြောဆိုသည်။

ပန်းတနော် အင်းမ (ဦးလှခင်) အား ရည်စူး၍ ဒေါ်တင်မြင့်၊ သားသမီး၊ မြေး တစ်စုတို့က ရန်ကင်း ပြည်သာယာ(တာမွေ လေး သံလမ်းအနီး) ရွှေပြည် ဟိန်းက သိုလ် ဖြစ် ဆေးခန်းအတွက် သုံးကြိမ်မြောက် စုပေါင်းအလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးခန်းအထောက် အကူပြု ဒေါက်တာ ဒေါ်ခင်စောမြင့်က လက်ခံယူစဉ်။ (က–ပ)

နေပြည်တော်ပျဉ်းမနား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကြီးမှူး မွေးမြူရေး အလေ့အကျင့်ဆိုင်ရာ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပို့ချ

နေပြည်တော်ပျဉ်းမနား ဇူလိုင် ၁၄

နေပြည်တော် ပျဉ်းမနားခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ကြက်ငှက်တုပ်ကွေးရောဂါ ဇီဝလုံခြုံမှု ကောင်းမွန်သော မွေးမြူရေးအလေ့အကျင့်ဆိုင်ရာ ဆင့်ပွားသင်တန်းအမှတ်စဉ်(၁)ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၃၀ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ရုပ်/သံ ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးအောင်နိုင်၊ ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ခင်ဇော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မွေးမြူရေးလုပ်ငန်း ရှင်များ၊ ကြက်ဥ၊ ကြက်သားရောင်းချသူများ၊ ကြက်၊ ဘဲဒိုင်ရောင်းဝယ်ပြုလုပ်သူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးမှူးလက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ ခင်ဇော်က သင်တန်း ဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးပို့ချ

ဆက်လက်၍ ရုပ်/သံခန်းမတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဇီဝလုံခြုံမှု ကောင်းမွန်သော မွေးမြူရေးအလေ့ အကျင့်ဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေး ပို့ချခဲ့သည်။

အလားတူ ဆင့်ပွားသင်တန်းများကို နေပြည်တော်ပျဉ်းမနား၌ ဇွန် ၃၀ရက်နှင့် ဇူလိုင်၁ရက်တို့တွင် နှစ်ကြိမ်၊ နေပြည်တော် လယ်ဝေး၌ ဇူလိုင် ၄ရက်နှင့် နေပြည်တော်တပ်ကုန်း၌ ဇူလိုင်၅ရက်တို့တွင် တစ်ကြိမ်စီ ဖွင့်လှစ် ပို့ချခဲ့ကြောင်း သိရသည်။ **(ဝ၉၉)**

ပညာအလင်းရောင်စာကြည့်တိုက် အဆောက်အအုံဖွင့် အလှူငွေနှင့် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ကျိုက်ထို ဇူလိုင် ၁၂

ကျိုက်ထိုမြို့နယ် ကျောင်းရွာ ကျေးရွာအုပ်စု ဝင်းကလော ကျေးရွာ ပညာအလင်းရောင် စာကြည့်တိုက် အဆောက် အအုံသစ် ဖွင့်ပွဲကို ဇွန် ၂၅ရက် နံနက် ၆နာရီက အဆိုပါ စာကြည့်တိုက် ရှေ့တွင် ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်း၊ ကျေးရွာ အုပ်စု ဥက္ကဋ္ဌ ဦးတင်အေးနှင့် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးတင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးစိုးညွန့်က စာကြည့်တိုက် ခိုင်မြဲရေး ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်၊ စာစောင် အုပ် ၅၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာအုပ်စာစောင်၂၅အုပ်၊ဝင်းကလော ကျေးရွာမှ အရှင်ပညာဝံသက မဂ္ဂဇင်း ၁၀အုပ်၊ စာကြည့်တိုက် ရန်ပုံငွေအတွက် ဝင်းကလော ကျေးရွာမှ ဦးတင်မြင့်က အလှူငွေကျပ်တစ်သောင်း၊ ဒေါ်အုန်းမြင့်က ငွေကျပ်တစ်သောင်း၊ ဒေါ်တင်နုက ငွေကျပ်တစ်သောင်း၊ ဦးအုန်းစိန်က ငွေကျပ်နှစ်သောင်း၊ ဦးမြအောင်က ငွေကျပ်တစ်သောင်း၊ ဒေါ်အေးကြည်မိသားစုက စားပွဲလေးလုံးနှင့် ခုံရှည်လေးလုံး၊ ကိုဝင်းစိုး–မနော်မိအေး မိသားစုက မှန်ဗီရိုတစ်လုံးပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီမြို့တွင်း၌ မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ ရပ်ကွက်အလိုက် ဆောင်ရွက်နေမှုကို စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်စန်း ဇူလိုင် ၈ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံ အင်ဂျင်နီယာဦးငွေစိုးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စာပေအနုပညာနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ရမည်းသင်း၌ကျင်းပ

ရမည်းသင်း ဇူလိုင် ၁၈

ရမည်းသင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ရမည်းသင်းမြို့နယ် ကတင်ရွာ သောဗိတာရာမ မဟာဗောဓိကုန်းစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဘိတ၏ ဦးဆောင်မှုဖြင့် ကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓရောင်ခြည်စာကြည့်တိုက်ခန်းမတွင် ဇူလိုင် ၁၄ ရက်က စာပေအနုပညာနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပရာ ရန်ကုန်မြို့မှ အမျိုးသားစာပေဆုရ စာရေးဆရာ လယ်တွင်းသား စောချစ်၊ အမျိုးသားစာပေဆုရ စာရေးဆရာမ မိချမ်းဝေ၊ စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)တို့က ဟောပြောကြသည်။

လှူဒါန်း

အဆိုပါဟောပြောပွဲ မစတင်မီ ဗုဒ္ဓရောင်ခြည်စာကြည့်တိုက်အတွက် ဆရာတော် ဘဒ္ဒန္တသောဘိတထံ မီးအိမ်ရှင်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့သောစာအုပ်များကို စာရေးဆရာမဒေါက်တာနိုက်တင်ဂေးလ် (ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က လှူဒါန်းကြောင်း သိရသည်။ **(အပေါ်ပုံ)** (က–ပ)

ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့်ဝန်ထမ်းများ လမ်းဘေးဝဲယာ ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို ဇွန် ၂ရက်က စုပေါင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သန့်ရှင်းရေးဆောင်ရွက်၊ ကြက်ဆူပင်စိုက်ပျိုး

ငပုတော ဇူလိုင် ၂၀

ငပုတောမြို့နယ် မန်ကျည်းပင် တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းဝင်းတွင် ဇူလိုင် ၁၅ရက်က ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းနွယ်နှင့် ဆရာ ဆရာမများ၊ လူမှုရေးအသင်းဝင်များနှင့် ကျောင်းသူကျောင်းသားများ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ သစ်ပင်ပန်းမန်နှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်း၊ ကျောင်းလယ်မြေ ၁၀ဧကတွင် ကောက်စိုက်ခြင်းတို့ကို ဆောင်ရွက်ကြသည်။ **(ယာပုံ)**

ဖြည့်ဆည်း

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေကျော်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာ စိုးသိမ်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မြင့်၊ ကျေးရွာ ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့်အဖွဲ့တို့ သွားရောက်အားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်ကပ်

ထို့နောက် ယင်းနေ့ညနေတွင် ဆရာတော်၊သံဃာတော်များအား အနော်ရထာ ကျောင်းဆောင်သစ်၌ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

ချောင်းဆုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး ယဉ်ကျေးမှုထိန်းသိမ်းရေး ပညာပေးဟောပြော

ချောင်းဆုံ ဇူလိုင် ၉

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာ အမျိုးသမီး ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၃ရက်က ချောင်းဆုံ (အထက) သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာ ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က မြန်မာအမျိုးသမီးများနှင့်ရိုးရာယဉ်ကျေးမှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဖွဲ့ဝင် ဒေါက်တာကြည်ကြည်အေးက အမျိုးသမီးများနှင့် မျိုးဆက်ပွားခြင်းဆိုင်ရာများ အကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

အခမ်းအနားသို့ ချောင်းဆုံ (အထက)မှ ကျောင်းသူ ၄၅၀ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေများရှင်းလင်း စာစီစာကုံးပြိုင်ပွဲဆုရသူများအား ဆုချီးမြှင့်

ဟိုပန် ဇူလိုင် ၅

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၈နာရီခွဲက ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်မြို့ အခြေခံပညာအထက်တန်းကျောင်း စာမဟာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ထွေးက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရား မဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်ဦးထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ မြို့နယ်ဆရာဝန် ဒေါက်တာမြင့်ဦး၊ မြို့နယ်ဥပဒေအရာရှိ ဦးခေါ်ဘောမ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး လှဌေးတို့က မူးယစ်ဆေးဝါး အန္တရာယ်နှင့် မူးယစ်ဆေးဝါးဆိုင်ရာဥပဒေအချို့ကို ကောက်နုတ်၍ ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများကို စေတနာရှင်များက ဆုများ ချီးမြှင့်သည်။ **(မြို့နယ် ပြန်/ဆက်)**

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ၁၇လမ်း အမှတ်၁၄၄၊ ၅လွှာနေ ဒေါ်လုလု မိသားစုက ကျောင်းအလှူငွေကျပ်တစ်သိန်းကိုလှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဒေါ်ကေသက်မော်က လက်ခံပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မဟာဗန္ဓုလလမ်း ကတ္တရာထပ်ပိုးလွှာခင်း

မြစ်ကြီးနား ဇူလိုင် ၁

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မော်မော်သိန်း ကြီးကြပ်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် ဇွန်၁၃ရက်က မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် မဟာဗန္ဓုလလမ်း ကတ္တရာလမ်းကို မြို့တွင်းရပ်ကွက်များနှင့် ဆက်သွယ်သွားလာမှု ကောင်းမွန်ချောမွေ့မှုရှိစေရန် ၂၀၀၇-၂၀၀၈ခုနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကတ္တရာထပ်ပိုးလွှာခင်း ဆောင်ရွက်ပေးရာ မြို့နယ်တာဝန်ခံ အရာရှိ ဦးဇော်မိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင်တို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြသည်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း ဆိပ်ကမ်း မြို့နယ် ဝါးတန်း ဆိပ်ကမ်း အမှတ်(၂) ဝါးတန်း ရေကြောင်းပြမှူးကြီးများ ရိပ်သာနေ ရေကြောင်းပြ မှူးကြီး ဦးဝင်းမြင့်က ဒဂုံမြို့နယ် အမှတ် ၁၆ စ ကား ဝါ လမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဘဏ္ဍာထိန်း ဦးတင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အရန်သားဖွားသင်တန်း ကြီးကြပ်မှုကော်မတီသို့ ထောက်ပံ့ငွေကျပ်သိန်း ၂၀နှင့် သင်တန်းသူများအား ဝတ်စုံပေးအပ်

လွိုင်ကော် ဇူလိုင် ၅

ကယားပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အရန်သားဖွားဆရာမသင်တန်းဖွင့်ပွဲကို ဇွန်၂၅ရက် နံနက် ၉နာရီက လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင် တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး(ဓာတ်ပုံ) အတွင်းရေးမှူး ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းမြင့်က သင်တန်းစီစဉ်ထားရှိမှုများကို တင်ပြသည်။

စာရေးကိရိယာများပေးအပ်

ဆက်လက်၍ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အရန်သားဖွားသင်တန်း ကြီးကြပ်မှု ကော်မတီသို့ ထောက်ပံ့ငွေကျပ် သိန်း ၂၀နှင့် သင်တန်းသူများအတွက် ဝတ်စုံများကိုလည်းကောင်း၊ အတွင်းရေးမှူးက စာရေးကိရိယာများကိုပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြာမြင့်မည်

အဆိုပါသင်တန်းသို့ လွိုင်ကော်ခရိုင်မှ သင်တန်းသူ ၁၀၄ဦးနှင့် ဘော်လခဲခရိုင်မှ သင်တန်းသူ ၄၆ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

ပခုက္ကူမြို့နယ် ကမ္ဘစ်ပြကျေးရွာ လေးလက်မ အဝီစိတွင်းမှ ကျေးရွာအတွင်း အများသုံးရေတိုင်သို့ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂) ဦးသန့်ဇော်သောင်း ကြီးကြပ် ဆောင်ရွက်ထားမှုကို မေ ၂၇ ရက်က အမှုဆောင်အရာရှိ ဦးသက်ပိုင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့ အခမ်းအနား မန်တုံ၌ကျင်းပ ချို့တဲ့ကလေးများအား ကျောင်းဝတ်စုံများထောက်ပံ့

မန်တုံ ဇူလိုင် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲဆုရရှိသူများအား ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၁၀နာရီက အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နာယကအဖွဲ့ဝင်ဒေါ်နီနီဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဒေါ်နန်းမော်ခမ်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်စန်းမြင့်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးဒေါ်ခင်စန်းမြင့်က အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများကိုပညာပေးဟောပြောပြီး ချို့တဲ့ကလေးများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က အခမဲ့ထောက်ပံ့သော ကျောင်းဝတ်စုံများကို တစ်ဦးချင်းပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးတီယာအုပ်နှင့် ကျောင်းအုပ်ဆရာကြီး ဦးချစ်ဝင်းတို့က မြန်မာအမျိုးသမီးများနေ့အကြောင်း စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အနံ့အသက်ကင်းရှင်းရေး ရေမြောင်းများဆယ်ယူ

ဟသ်ာတ ဇူလိုင် ၇

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပဒေသာဈေးနှင့် ဌေးဝင်းဈေးများအတွင်း မိုးရာသီအတွင်း ရေစီးရေလာကောင်းမွန်ရေး၊ အနံ့အသက်ကင်းရှင်းရေးအတွက် ရေမြောင်းဆယ်ခြင်းလုပ်ငန်းကို ဇွန်၃၀ရက်ကဆောင်ရွက်ရာ အဖွဲ့ဝန်ထမ်းများ၊ ဈေးကော်မတီများနှင့်အတူ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ကထာဝတ္ထု ပါဠိတော်ကျမ်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၂

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင်ပဉ္စမအုပ် ကထာဝတ္ထု ပါဠိတော်ကျမ်းအတွက် ဦးဆောင် ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်ထံသို့ ဝါးခယ်မမြို့ သံကြိုးတိုင်ရပ်ကွက်မှ ဒေါ်ကျင်မိုင်၊ဒေါ်ကျင်စန်း၊ ဒေါ်မြင့်မြင့်စီ၊ ကြည့်မြင်တိုင်မြို့နယ် ဦးကြွယ်ဟိုးလမ်း အမှတ် ၂၄နေ ဦးမင်းဦး-ဒေါ်မြင့်မြင့်ခိုင်၊ ကမာရွတ်မြို့နယ် အမှတ် ၁၀ရပ်ကွက် အင်းလျားလမ်း အမှတ် ၇၈/ဒီ နေ မိဘ ဘိုးဘွားများအား ရည်စူး၍ ဒေါက်တာ ခင်ဥမ္မာစံ၊ ပြည်မြို့ ဆံတော်ရပ်ကွက် စာတိုက်တန်းလမ်း အမှတ် ၇၃၈ နေ မောင်အောင်ပြည့်ဖြိုး (သွား-ဆေး တက္ကသိုလ်/ ရန်ကုန်)၊ မပြည့်ပြည့်ဖြိုး (ဆေးတက္ကသိုလ်/ မကွေး)၊ အင်းစိန်မြို့မှ အဘိုးအဘွားများနှင့် ဦးလေး ဦးမြသန်း၊ အစ်မ မလှမြင့်၊ မောင်လေး မောင်ဝင်းမြင့်ကို တို့အားရည်စူး၍ အင်းစိန် အထက(၂) အထက်တန်းပြဆရာမ ဒေါ်မြမြသိန်း၊ အင်းစိန်မြို့ မြို့သစ်ရပ်ကွက် မြန်မာစာဝိုင်းမှ မဖူးပွင့်ခင်၊ မယုယုသန့်၊ မသန္တာအေး၊ မမေနှင်းသန့်အေး၊ မအိဇင်ဟိန်း၊ မအိသဥ္ဇာသောင်း၊ မဆောင်းသဇင်အေး၊ မဟေမာဦး၊ မဟေမာထွန်း၊ အင်းစိန်မြို့ ဘိုကုန်းရွာမအရှေ့ အောင်မင်္ဂလာလမ်း အမှတ် ၁၁၀နေ ဖခင်ကြီးဦးစံရွှေအား ရည်စူး၍ မိခင်ကြီး ဒေါ်တင်ညွန့်နှင့် သမီးများဖြစ်ကြသော ဒေါ်တင်တင်အောင်၊ ဒေါ်တင်တင်အေး၊ဒေါ်မြမြသိန်း၊ ဒေါ်မြသောင်း၊ အင်းစိန် ဘိုကုန်းရပ်ကွက် ဟိုက်ပတ်လမ်းမှ မခင်မြတ်အောင်၊ မနန်းဥမ္မာလှိုင်၊ မမီမီကို၊ မမေဇော်မောင်မောင်၊ မလဲ့နန္ဒာ၊ မအိအိချော၊ မပြည့်ရတနာကျော်၊ မောင်စိုင်းသီဟအောင်နှင့် အင်းစိန် ဂျပန်လမ်း အမှတ် ၈၅၊ မြန်မာစာဌာနမှ မစုရူပါထွေး၊ မမေသဇင်မြင့်အောင်၊ မနီတျာကျော်၊ မကြာညိုသင်းပျံ့၊မဆွေမွန်နွယ်၊ မနွေးဝေရည်၊ မစန္ဒာအောင်၊ မဝတ်မှုံသန့်၊ မကေသီအောင်၊ အင်းစိန် မြို့ ပိန္နဲကုန်းရပ်ကွက် သရက်ခြံ ၅လမ်း အမှတ် ၅၈၀ နေ မိဘဘိုးဘွားများနှင့် ဆွေမျိုးများအား ရည်စူး၍ ဦးကြီးညွန့်၊ ဒေါ်ခင်ဝင်းရီနှင့် သားသမီးများဖြစ်ကြသော ဒေါ်ချိုနွယ်ဦး၊ ဦးကိုကိုနိုင်(ခ) ဦးသန်းနိုင်၊ ဦးထွန်းကျော်၊ ဒေါ်ဥမ္မာတင့်၊ ဒေါ်သီသီခိုင်ဝင်း၊ မြေးမောင်ကောင်းဆက်ဝင့်ကျော်၊ ကြည့်မြင်တိုင်မြို့နယ် အုန်းပင်လမ်း ဈေးကြီးအရှေ့ရပ်ကွက် အမှတ် ၇၄ (၆/ခ) နေ ဒေါက်တာ ကျော့နု၊ ဒေါက်တာနွယ်နီခင်၊ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမီးဒုံးလမ်းသွယ်-၃ အခန်း(၅) တိုက်အမှတ် ၁၃၃နေ ဦးကုလားလေး၏ သားသမီးများ ဦးစိန်လှ၊ ဦးလှဝင်း၊ ဦးကြည်မြင့်၊ ဦးမွန်နိုင်၊ ဒေါ်ခင်နန်းမြင့်၊ ဒေါ်အေမီခင်၊ ကြည့်မြင်တိုင်မြို့နယ် အုန်းပင်လမ်း ဈေးကြီးအရှေ့ရပ်ကွက် အမှတ်၈၈နေ ဦးကုလားလေး၏ မြေးများ မလှစန္ဒာ၊ မောင်အောင်စိန်၊ မောင်အောင်သူရ၊မောင်ဝင်းဌေးနိုင်၊ မောင်ဝင်းသူရိန်၊မောင်ဆန်းနိုင်အောင်၊မောင်အောင်နိုင်ထက်၊ မောင်ထွဋ်မြတ်နီ၊ မောင်စိုင်းဉာဏ်ဟိန်းဖြိုး၊ မခင်သူဇာ၊ မမေထိုက်ဆွေ၊ မအိမင်းခိုင်၊ မနန်းဌေးဌေးအောင်တို့က ကြေးပြား တစ်ချပ်စီ စုစုပေါင်း ကြေးပြား ၁၂ချပ် တန်ဖိုးငွေကျပ် နှစ်သိန်းလေးသောင်းကို လှူဒါန်းကြသည်။

လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်း ဖုန်း- ၅၄၈၈၀၅၊ ၀၉-၅၁-၈၅၂၀၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရေမြောင်း

ဇူလိုင် ၅ရက်က ကျောက် မဲ မြို့ ပင်လုံ လမ်းဘေး ဝဲယာ အုတ်ရေမြောင်း ပြုလုပ်နေမှုကိုမြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့်ခန့်ထားရန်)

1. Service Engineer – Male
   A.G.T.I (M.P)

၁။ Excavator နှင့် Bulldozer များကို ကောင်းမွန်စွာ ပြင်ဆင်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်ထားသူများသည် အသက်(၂၀-၃၅)နှစ်အတွင်း ကျန်းမာရေးကောင်းမွန်၍ နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ လိုင်စင်ဓာတ်ပုံ တစ်ပုံ၊ သက်ဆိုင်ရာ စာရွက်စာတမ်းနှင့်အတူ တစ်ပတ်အတွင်း နောက်ဆုံးထား၍ **မြန်မာကိုင်ဒို ကုမ္ပဏီလီမိတက်၊ အမှတ်၈၀၊ ဒီပဲယင်းဝန်ထောက် ဦးမြလမ်းနှင့် မင်းသိင်္ခကျော်စွာလမ်းထောင့်၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့**သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၉၈

မန်နေဂျာ ၁။ ဦးစိုးနိုင်
မြန်မာ့စီးပွားရေးဘဏ်၊ဝမ်းတွင်းမြို့။ **နှင့်** ၂။ ဒေါ်မူမူ
တရားနိုင် **တရားရှုံး**

၂၀၀၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၁၇၃တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၀ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ လိန်ပင်ရပ်ကွက် ကွင်းအမှတ် (၁၄၇၃၊ လိန်ပင်) မြေကွက်ဦးပိုင် (၁၇၆၊၁၉၄) မြေကွက်အမှတ် (၅၈၄၊၆၈၅) ဧရိယာ ၀ ဒသမ ၀၉ဧကရှိမြေ ၎င်းမြေပေါ်ရှိ လူနေ တစ်ထပ်တိုက် (၂၈ x ၂၈)ပေသွပ်မိုး၊ နံကပ်ကွန်ကရစ်ခင်း၊ (၃၇x၁၆) ပေရှိသွပ်မိုး၊ ထရံကာစက်ရုံ၊ အဝီစိတွင်း၊ ရေလောင်းအိမ်သာ၊ ရေချိုးခန်းနှင့်စက်ပစ္စည်းများ။

လေလံကြမ်းခင်းဈေး ကျပ် ၆၂သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မေတင့်
တွဲဖက်တိုင်းတရားသူကြီး(၁)။

ပန်းဥယျာဉ်တည်ဆောက်ထိန်းသိမ်းခြင်းနှင့် မြေယာရှုခင်းပြုပြင်မှုသင်တန်းဖွင့်မည်

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် ပန်းဥယျာဉ်တည်ဆောက်ထိန်းသိမ်းခြင်းနှင့် မြေယာရှုခင်းပြုပြင်မှုသင်တန်း (၁/၂၀၀၇)ကို အောက်ပါအတိုင်း ဖွင့်လှစ်ရန် စီစဉ်ထားသည်။

နေ့ရက် – ၆-၈-၂၀၀၇ ရက်မှ ၁၈-၈-၂၀၀၇ ရက်အထိ
အချိန် – နံနက် ၉နာရီမှ ညနေ ၄နာရီအထိ
နေရာ – ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမ
သင်တန်းသားဦးရေ – ၅၀ ဦး
သင်တန်းကြေး – အသင်းဝင်နှင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးလျှင် ကျပ်၁၅၀၀၀၊
ပြင်ပပုဂ္ဂိုလ်တစ်ဦးလျှင် ကျပ်၁၇၀၀၀
ပညာအရည်အချင်း – အခြေခံပညာအထက်တန်းအဆင့်
ဆက်သွယ်ရန်ဖုန်းနံပါတ် – ၃၇၉၃၆၁။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မကွေးခရိုင်တရားရုံး

၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်-၄၅

ခရိုင်မန်နေဂျာ ၁။ ဦးမြင့်မောင်
မြန်မာ့စီးပွားရေးဘဏ် မကွေးမြို့။ **နှင့်** ၂။ ဒေါ်မြင့်မြင့်ထွေး
တရားနိုင် **တရားရှုံးများ**

၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ် ၃တွင် စရိတ်များအပါအဝင် ငွေ(၂၅၁၈၈၄၈/-၄၇ါး)အတွက်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ ခုနှစ် ဩဂုတ် ၃၀ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အချင်းဖြစ် အဆောက်အအုံရှေ့၌ လေလံရောင်းချလိမ့်မည်။

လေလံရောင်းချမည့် ပစ္စည်းစာရင်း

မကွေးမြို့နယ် မြင်ကင်းကျေးရွာ အကွက်အမှတ် (၁၆၅၄/ မြင်ကင်းရွာ) ဧရိယာ ၀ဒသမ ၁၄၇ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျယ်အဝန်း (၂၄ပေx၃၂ပေx၁၃ပေ) ရှိ သွပ်မိုး ကိုးလက်မအုတ်ကာ၊ ကွန်ကရစ်ခင်းတစ်ထပ်တိုက် အဆောက်အအုံ။

ကြမ်းခင်းဈေးကျပ် ၇၅သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။

၃။ လေလံ စည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိုးလွင်
ခရိုင်တရားသူကြီး
မကွေးခရိုင်တရားရုံး။

CHINESE ဆရာ - ရန်(မ)
ENGLISH Ko Aw
MALAY စိုးသီဟ
Great Wall
နိုင်ငံခြားဘာသာစကားပြောသင်တန်း
THAI ဆရာ - ရန်နိုင်
KOREAN နေမျိုးမွေ့ယ်
JAPANESE ကာကာလှိုင်
အမှတ်(၆)၊ ၃-ထပ်၊ တာမွေအဝိုင်းထိပ်၊ မီးပွိုင့်အား။ ☎: 540714

ပုဂံကို စိတ်ဝင်စားသူများအတွက်ပုဂံအကြောင်း အပြည့်စုံဆုံးစာအုပ်
ဒေါက်တာသက်လွင်
သမိုင်းကပြောသောပုဂံ၊ ပုဂံကပြောသောသမိုင်း
မျိုးဆက်သစ်စာပေ ဖုန်း-၃၇၇၃၆၉
ထွက်ပြီ

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၅၇

မန်နေဂျာမြန်မာ့စီးပွားရေးဘဏ်(၂) **နှင့်** ၁။ ဦးလှဒင်
မန္တလေးမြို့။ ၂။ ဒေါ်တင်နွယ်
တရားနိုင် **တရားရှုံး**

၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၉၃ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၀ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိုးကုတ်မြို့ မြို့မဈေးသစ်ရပ်ကွက် အကွက်အမှတ် ၂၅၊ ဦးပိုင်အမှတ်(၁၅၈/ခ)၊ မြေချိန် ဧရိယာ ၀ဒသမ ၁၃၀ ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ အကျယ် (၂၆ x ၃၆)ပေရှိ နှစ်ထပ်တိုက်၊ အောက်နံကပ်၊ အပေါ်ပျဉ်ထောင်တွဲလျက်အကျယ် (၁၂x၁၈)ပေရှိ တစ်ထပ်နံကပ်တိုက်၊ အကျယ်(၁၂x၁၈)ပေရှိ တစ်ထပ်ပတ်ကာတိုက်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၀၀။

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် ဇူလိုင် ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မေတင့်
တွဲဖက်တိုင်းတရားသူကြီး(၁)။

K.I.S ကားငှားလုပ်ငန်း

ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။
ဖုန်း-၂၉၃၂၉၄၊ ၀၉-၅၁-၃၄၇၇၈၊ ၀၉-၅၀-၀၂၄၄၀။

ဖခင်အမည်မှန်

ရပ်စောက်မြို့ အထက တက္ကသိုလ်ဝင်တန်း(D)မှ စိုင်းစုချန်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းကျော်အောင် ၁၃/ ရစန (နိုင်) ၀၂၇၇၅၅ ဖြစ်ပါကြောင်း။

ဦးစိုင်းကျော်အောင်။

အမည်မှန်

ဦးဝင်းညွှန့်၏သား ဆလိုင်းထွန်းလင်းအောင် ၁၂/ဒဂရ (နိုင်) ၀၁၀၉၆၃ အား ယနေ့မှစ၍ မောင်ထွန်းလင်းအောင် (ခ)ဆလိုင်းထွန်းလင်းအောင်ဟု ခေါ်ပါရန်။

အမည်ပြောင်း

အဖ ဦးမြင့်စိုး၏သား မုံရွာမြို့ အထက(၃) တက္ကသိုလ်ဝင်တန်း(I)မှ မောင်မြင့်ထွန်းအောင်အား ယနေ့မှစ၍ မောင်မြင့်မြတ်အောင်ဟု ခေါ်ပါရန်။ **မောင်မြင့်မြတ်အောင်။**

အမည်ပြောင်း

အဖဦးမြင့်ခိုင်ဦး၏ သမီး ဇကာကြီး အထက တက္ကသိုလ်ဝင်တန်းမှ မမိုးစန္ဒာခိုင်အား မှတ်ပုံတင်အရ မမိုးသန္တာခိုင် ဟု ပြောင်းလဲခေါ်ပါရန်။ **မမိုးသန္တာခိုင်**
၁၄/ဓနဖ (နိုင်) ၁၄၀၆၅၇။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ် မြေတိုင်းရပ်ကွက် အမှတ်၁၃/က်ဘုံ၊ မြေကွက်အမှတ် ၃/င မြေကွက်တည်နေရာအမှတ်(၃/င)၊ ကမ္ဘာ့အေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ် ဦးသူရအောင်ကျော်(ခ)သူရအောင် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးသူရအောင်ကျော်(ခ)သူရအောင် ကွယ်လွန်သဖြင့် ဒေါ်ခင်နီလာအောင် ၉/မခန(နိုင်) ၁၂၀၀၂၁၈ ခနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကျေးဇူးရှင်ဖခင်ကြီး ဦးဆုံမင်းအား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် သစ္စာလမ်းနေ မိခင်ကြီးဒေါ်သန်းရီ၊ သားသမီး၊ မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ငွေကျပ်ခြောက်သိန်းငါးသောင်းတန် အောက်ဆီဂျင်စက်တစ်လုံးကို ဇူလိုင် ၁၁ ရက်က ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးဦးမောင်မောင်က လက်ခံယူစဉ်။ (၆၄)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ စဥ့်ကူး၌ ဆောင်ရွက်ပေး

စဥ့်ကူး ဇူလိုင် ၂

မန္တလေးတိုင်း စဥ့်ကူးမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးအရာရှိ ဦးစိုးလွင်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် စဥ့်ကူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများသို့ တိုက်နယ်များအလိုက် တိုက်နယ်မှူးများက နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၂၀ရက် နံနက်က တိုက်နယ်မှူးဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများသည် မင်းရွာကျေးရွာအုပ်စုသို့သွားရောက်ပြီး အသက် ၁၀ နှစ်ပြည့်နှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားအရည်အချင်းပြည့်မီသူ ၁၆၉ ဦးတို့အား ဆောင်ရွက်ပေးသည်။

အဆိုပါဆောင်ရွက်ပေးရာသို့ မင်းရွာကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ရပ်မိရပ်ဖများက လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဗန်းမော်မြို့နယ် စီဟဲကျေးရွာ ကျေးလက်ရေပေးရေးလုပ်ငန်းအနက် ပေ ၂၅၀ တွင်းနက် တူးဖော်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိန်မောင်မြင့်နှင့် အဖွဲ့ ဆောင်ရွက်မှုကို ဇွန် ၄ ရက်က တာဝန်ခံအင်ဂျင်နီယာမှူး ဦးသိန်းကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ကွက်သစ်မွေ့ရာရုံတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း၍ ဇူလိုင် ၂၁ ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက ဟောပြောစဉ်။ (က-ပ)

သာစည်မြို့နယ် သုတအရိပ်စာကြည့်တိုက် အဆောက်အအုံဖွင့်

သာစည် ဇူလိုင် ၄

သာစည်မြို့နယ် အပြောက်ကျေးရွာအုပ်စု အပြောက်(န)ကျေးရွာသုတအရိပ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၂၇ရက် မွန်းလွဲ ၁ နာရီက အဆိုပါစာကြည့်တိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ အဆောက်အအုံသစ်ကို ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးရွှေဝင်းနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဘိုဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။**(ယာပုံ)**

အခမ်းအနားတွင် ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးရွှေဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဝင်းတင့်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသစာအုပ်မျိုးစုံ အုပ်၆၀ ကိုပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌဦးဘိုဌေးက လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမျိုးသားညီလာခံစုံညီအစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပ

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အလှည့်ကျသဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြ

အမျိုးသားညီလာခံ

ရန်ကုန် ဇူလိုင် ၂၃

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ ကောက်နုတ်စုစည်းဖတ်ကြားတင်ပြကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ ဥက္ကဋ္ဌများနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့နှင့်စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၇ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများနှင့် စပ်လျဉ်း၍ အလှည့်ကျသဘာပတိအဖွဲ့ဝင်များ၏ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့နှင့်စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို သတင်းစာများတွင် ဆက်လက်ဖော်ပြသွားပါမည်။ (သတင်းစဉ်)

၂၀၁ ခုမြောက် စဉ့်ကူးမြို့နယ် မာလဲနတ်တောင် ရေလှောင်တမံဖွင့်လှစ် သုံးနှစ်မှတစ်ကြိမ် စိုက်နိုင်ပျိုးနိုင်ခဲ့သော နတ်တောင်ကျေးရွာတောင်သူများ နွေစပါး၊ မိုးစပါးအပါအဝင် တစ်နှစ်ပတ်လုံး သီးနှံများ စိုက်ပျိုးနိုင်တော့မည်

သတင်းမြင်ကွင်း - ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း- အောင်သန်း (မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဇူလိုင် ၂၃

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်သည် တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန် ၄၃ လက်မခန့်သာ ရွာသွန်းသဖြင့် မိုးရာသီတွင် စိုက်ပျိုးရေ အလုံအလောက်မရရှိနိုင်ဘဲ နွေရာသီတွင် စိုက်ပျိုးရေး အခက်အခဲဖြစ်ပေါ်ခဲ့ရသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနအနေဖြင့် ယင်းအခက်အခဲကို ဖြေရှင်းနိုင်ရန် စူးစမ်းလေ့လာရှာဖွေခဲ့ရာ မာလဲနတ်တောင်ရေလှောင်တမံစီမံကိန်း တည်ဆောက်ရန် သင့်တော်ကြောင်း တွေ့ရှိခဲ့၍ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ခွင့်ပြုချက်ဖြင့် စီမံကိန်းကို ၂၀၀၄-၂၀၀၅ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ တည်ဆောက်ပြီးစီး၍ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ✱

မာလဲနတ်တောင် ရေလှောင်တမံ

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်ရှိ တမံအလျား ပေ ၁၁၈၅၀၊ တမံအမြင့် ၇၂ ပေ၊ လက်ဝဲ လက်ယာရေထိန်းမြောင်း နှစ်ခုဖြင့် တည်ဆောက်ပြီးစီးသွားသော မာလဲနတ်တောင် ရေလှောင်တမံ၏ လက်ဝဲရေထုတ်မြောင်းနှင့် ရေသိုလှောင်ထားရှိမှုကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း- အောင်သန်း(မင်္ဂလာတောင်ညွန့်)

24-7 (20) 1 7/24/07, 1:45 AM